
mgyoe.com
SAMPLE BOOK



# ငြိမ်းကျော်

# ပန်းရာပြ

တတိယအကြိမ်


mgyoe.com

mgyoe.com SAMPLE BOOK

# ငြိမ်းကျော်

## ပန်းရာဖြူ

ပင်လယ်မှ တိုးဝင်လာသော လေသည် ဟူးဟူးထနေ၏။
မိုးငွေ့ထက် ဆားငွေ့က ပို သက်ဝင်လျက်ရှိ၏။
အနောက်တောင်ဘက်၏ ဝေးစွာသောနေရာတွင်
မိုးသားဖြူ တိမ်ဖြူဖြူကို တွေ့သည်။
ပြာလဲ့သောကောင်းကင်၏ အကျယ်အဝန်း။



ISBN 9789999137371
FIC210
9 789997 137371
MMK9,000.00

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

# ပန်းဇာဖြူ

## ငြိမ်းကျော်

စာစီယဓာငြိမ်း၊ ၂၀၂၅

mgyoe.com

mgyoe.com
SAMPLE BOOK

ပန်းတမြို့ ငြိမ်းကျော်
စာမျက်နှာ ၂၅၂ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇူလိုင်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၈၀၊ ဆောင်းသစ်စာပေ၏ ပထမအကြိမ်မှ
၁၉၉၅၊ ပန်အောင်စာပေ၊ ဒုတိယအကြိမ်။

*email: skccph@gmail.com ; P.O:Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK



ပထမအကြိမ်ထုတ်
သရုပ်ဖော်ပန်းချီ ဖောင်ဖောင်သိုက်

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## (၁)

ကြယ်တွေကို အုန်းလက်များအကြားမှ မြင်နေရလေသည်။ အုန်းလက်တွေကို လေလှုပ်သောအခါ ကြယ်ပြောက် ကြယ်ပွင့်တွေက အမြင်မှ ကွယ်သွား၏။ အုန်းရွက်ချင်း ရိုက်ခတ်သံသည် ဖျပ်ဖျပ်မြည်နေ၏။ လေတိုးဝှေ့သောကြောင့် ရှီးရှီးမြည်ကာ လေချွန်သံသဖွယ် ကြားရလေ၏။ အနောက်ပင်လယ်မှ ဖြတ်သန်းလာသည့် လေပြည်သည် နွေးထွေးစွာရှိနေ၏။ ခြောက်သွေ့သော လေထဲမှ ဆားငွေ့ကို သတိပြုမိလေသည်။ ထိုရနံ့ထဲတွင် သစ်ရွက်စိမ်းများက ညအခါ လွှတ်သော ရွက်စိမ်းရည် အငွေ့အသက်ကို မှတ်မိနေ၏။ အားပါးတရ ရှူရှိုက်လိုက်ချိန်တွင် တစ်တီတူးငှက် အော်သံကြားသည်။ အရှေ့မြောက်ဘက်ကုန်းစောင်းထက်ရှိ ပျဉ်းကတိုးပင်ဆီမှ အိပ်တန်းလန့်သော ငှက်တို့၏ အသံကို မရေးမနှောင်း ကြားရသည်။ အိမ်ခေါင်လွတ်ရုံ ပျံပြေးသွားသော ညငှက်၏တောင်ပံခတ်သံကို ကြားသည်။ မော့ကြည့်မိသည်။ လင်းလင်းထိန်သော လရောင်အောက်တွင် သဏ္ဍာန်မကွဲပြားစွာ တွေ့လိုက်သည်။ အနောက်ဘက် အုန်းတောထဲသို့ ပျံသွားသည်။

"ကိုအောင်သူ..."

ပန်းဇာဖြူက ကွပ်ပျစ်ပေါ်သို့ တင်ပါးလွှဲထိုင်ရင်း ခေါ်သည်။ နောက်ပြန်ထောက်ထားသောလက်ကို ရုပ်ကာ မတ်မတ်ထိုင်သည်။ ပန်းဇာဖြူကို ပြုံးကာ...

"ဘာလဲ မပန်း"

ပန်းဇာဖြူ ပြုံးသည်။

"ထမင်းမဆာသေးဘူးလား"

mgyoe.com

သူ ခေါင်းခါသည်။

"စားချင်စိတ်မရှိဘူးလေ။ ညနေခင်းက စားထားတာ နည်းမှမနည်းတာ၊ ခုမှ... ခုနစ်နာရီကျော်ကျော် ရှိသေးတာ၊ မပန်းတို့ကော စားပြီးပြီ မဟုတ်လား"

"ဇာဖြူတို့ စားပြီးပြီလေ...ကိုအောင်သူကို ငါးနာရီခွဲလောက်က ထမင်းစားဖို့ လာခေါ်တော့ မစားသေးဘူးဆိုလို့ စားနှင့်လိုက်တယ်။ ဆာရင်စားဖို့ အသင့်ပြင်ထား တယ်လေ"

သူ ပြုံးကာ ခေါင်းညိတ်သည်။ ပန်းဇာဖြူက သူ့ကိုယ်သူ ဇာဖြူဟုထည့်ကာ ပြောသည်။ ဇာဖြူဟု သူမခေါ်ဖြစ်။ သိက္ခမ်းခင်မင်ချိန်က သူငယ်ချင်း ကျောင်းသူ တစ်သိုက်က မပန်းဟု ခေါ်ဝေါ်သည့်အတိုင်း မပန်းဟု သူခေါ်ကာ နှုတ်ကျွမ်းလျက် ရှိလေသည်။ ပန်းဇာဖြူ၏ ရယ်သံ တိုးတိုးထွက်လာ၏။

"ညှိသည်ကို စောင့်ပြီးစားဖို့ ကောင်းတယ်၊ ဇာဖြူ သိပ်ဆာတာနဲ့ပဲ မနေနိုင် ဘူး စားပစ်လိုက်ရော။ ဘကြီးကပြောတယ်၊ သမီး စောင့်မစားတောင် အဘက စောင့်ဖို့ ကောင်းတယ်တဲ့။ အဘလည်း အိမ်ထမင်းအိမ်ဟင်း မစားရတာကြာလို့ စားချင်စိတ်ကို မတားနိုင်ဘူးတဲ့။ ဘကြီးက ပင်လယ်ထွက်သွားတာ တစ်နေ့က။ ဒါတောင် ရေခဲလည်း နည်းနေတယ်၊ လေ့သားကလည်း သုံးယောက် နေမကောင်းလို့ ပြန်လှည့်လာတာ။ နို့မဟုတ်ရင် နောက်တစ်ပတ်မှ ပြန်ရောက်မှာ"

"ဘကြီးကော အသံ မကြားပါလား"

"ပင်ပန်းတယ်လေ၊ အိပ်သွားပြီ"

"မပန်းလည်း နားချင်သွားနားလေ၊ တစ်နေ့လုံး အလုပ်ပင်ပန်းနေမှာပေါ့"

"အို...မဟုတ်တာ၊ ညှိသည်ငုတ်တုတ်ထားပြီး အိမ်ရှင်က အိပ်တယ်လို့"

သူ ရောစ၍ ရယ်သည်။

"အကြီးရော..."

အိမ်ဘက်သို့ လှမ်းကြည့်ကာ သူမေး၏။ ကြီးတော် သွားလာလှုပ်ရှားနေသည် ကို မတွေ့။

"အကျီ ချုပ်နေတယ်"

'ဩော်' တစ်ခွန်းပြုကာ နေလိုက်သည်။ ပန်းဇာဖြူက ရေနွေးကြမ်းတစ်ပန်းကန် ငှဲ့ကာ ကမ်းသည်။ လှော်ထားသော လက်ဖက်ခြောက်နှံကို မသောက်မီကပင် ရလေ၏။

"ကိုအောင်သူ ဘယ်နှရက်နေရင် ပြန်မလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"သန်ဘက် ဖိန်းနွဲလောက် ပြန်မယ် စိတ်ကူးတယ်"

"အို... တစ်ခဏလေး... တစ်ပတ်၊ နှစ်ပတ်လောက် နေပါလား၊ အလုပ်ရှိလို့လား"

"မရှိပါဘူး၊ လာမယ်ဆိုတဲ့ စကားကြောင့် အရောက်လာရတာလေ။ မလာရင် စကားသက်သက် ဖြစ်သွားမယ် မဟုတ်လား၊ အားလုံးကို သတိရတယ်၊ တစ်ရွာလုံးကို လျှောက်တွေ့၊ စကားတွေ ပြောချင်တယ်။ အလုပ်က ဒါပဲ။ အိမ်စုံအောင် လည်ပြီးရင် ပြန်ရုံပေါ့"

"အေးအေးဆေးဆေး နေလေ၊ မဟုတ်ဘူးလား။ နောက် နှစ်ပတ်နေမှ ပြန်"

"တည်းရတာလည်း အားနာ၊ စားရတာလည်း အား..."

"အို...ကိုအောင်သူ မဟုတ်တာပြောတယ်။ ဒါ ကျွန်မအိမ်၊ ကျွန်မမိတ်ဆွေ နေချင်သလောက်နေ၊ စားချင်သလောက်စား။ အုန်းပိုးတစ်ကောင် စားသလောက်တောင် မကုန်တဲ့ဟာ... ကိုအောင်သူရယ်၊ ရန်ကုန်ကို ဇာဖြူ လိုက်ပြီး ပြန်စားမှာစိုးလို့လား"

ပန်းဇာဖြူ ရယ်ကာမောကာ ပြောသည်။ သူ ရယ်သံဖြင့် "ကျွန်တော်အပြန်အလှည်လိုက်ခဲ့ပါ။ ကျွန်တော် ဖိတ်ခေါ်ပါတယ်။ အခုမှပြောတဲ့ စကားမဟုတ်ပါဘူး"

ပန်းဇာဖြူ ခေါင်းညိတ်သည်။

"မှတ်မိပါတယ်၊ မနှစ်က အ,သုံးလုံး လာကတည်းက ကိုအောင်သူ ပြောသွားတဲ့ စကားပါ"

စကားတစ်ဝက်လောက်တွင် ပန်းဇာဖြူထံမှ သနပ်ခါးရနံ့သည် တန်ဆောင်မုန်းညချမ်း၏ အနီးဝန်းကျင် လေပြည်လေညင်းထဲသို့ စီးဆင်းလာတတ်သည်။ အိမ်ထဲမှ အောက်လင်းမီးရောင်သည် ပန်းဇာဖြူ၏ ကိုယ်ပေါ်သို့ ကျလျက်ရှိ၏။ သစ်ကြီးဝါးကြီးတွေ ချုံနွယ်တွေ ကျယ်ပြောထူထပ်သော ခြံဝင်း၏ လရောင်အရိပ်ကျနေသော မှောင်ပျပျ နောက်ခံကြောင့် ပန်းဇာဖြူ၏ ဖြူဝင်းသော အလှသည် ပို၍ လင်းသည်ထင်၏။ ဆက်အုံ့လုလုနှင့် ထူသော မျက်ခုံးကို ဆေးရေးမျက်ခုံး မျှင်မျှင်သေးသေးထက် တင့်တယ်သည်ဟု မြင်သည်။ ထိုမျက်ခုံးကြောင့် ကြည်လင်သော၊ မကျဉ်းမြောင်းသော မျက်ခမ်းက ထင်ရှားလာဟန်တူ၏။ စိပ်ကာ၊ ရှည်လျား ကော့ကာနေသော မျက်တောင်၏ အလှအပကို မျက်တောင်အခတ်တွင် မြင်ရသည်။

"ကျွန်တော် ကတိတည်တယ် ဆိုပါတော့"

mgyoe.com

"အဟုတ်ပေါ့"

အထောက်အခံ စကားဆိုပြီး ဟင်းခနဲ တစ်ချက်ရယ်သည်။ ဆေးရောင်မတင် လျက်နှင့် နီထွေးသော နှုတ်ခမ်း၏ လှုပ်ရှားပုံကို မနှစ်က စတင်မြင်သည်မှ မှတ်မှတ် ရရ ရှိနေ၏။ အ,သုံးလုံး လာစဉ်က အမျိုးသမီး သူငယ်ချင်းတစ်ဦးက "ပန်းဇာဖြူ နှုတ်ခမ်းကို ရှေ့တည့်တည့်က ကြည့်ရင် သိပ်မသိသာဘူး၊ ဘေးတိုက်ကြည့်ရင် နှုတ်ခမ်းအရည်က ကြည်နေတာ။ အလင်းရောင် ဆန့်ကျင်ဘက်ကနေ ကြည့်ရင် အရည်ကြည်ပါးပါးလေး ဖုံးထားသလား အောက်မေ့ရတာ" ဟု ပြောသည်။

"အခု ကျောင်းပြီးသွားတော့ ကိုအောင်သူ ဘယ်မှာ အလုပ်ဝင်မယ် စိတ်ကူး လဲ"

အဖြေ အဆင်သင့်မရှိ၍ ချက်ချင်း မဖြေဖြစ်။ ခဏနေမှ...

"အလုပ်က ရှားတယ်လေ မပန်း။ စက်မှုတို့၊ အသက်မွေးဝမ်းကျောင်းတို့က ဆင်းလာတဲ့သူတောင် နှစ်နှစ်၊ သုံးနှစ်အတွင်း ရဖို့မလွယ်ဘူး။ ကျွန်တော်က စီးပွားရေး။ ကုန်သွယ်ရေးတို့ သမဝါယမတို့မှာပဲ ရမယ်။ ကျွန်တော့်အရင် ဘွဲ့ရထားတဲ့ သူက လည်း အများကြီး။ ကျွန်တော့် မိဘကတော့ ကိုယ်ပိုင်စီးပွားရေးကိုပဲ လုပ်စေချင်တယ်။ ခုလည်း မပန်းတို့ဆီ စီးပွားရေး လေ့လာဖို့ဆိုပြီး ပြောလာခဲ့ရတာ"

"ကိုယ်ပိုင်လုပ်ငန်းက ပိုကောင်းတာပေါ့။ ဇာဖြူ့ အထင်လေ။ ဇာဖြူ ကိုအောင် သူကို လှမ်းတွေ့တော့ သိပ်အံ့အားသင့်သွားတယ်။ မထင်ဘူး။ ခရီးက ဝေးတာ၊ ကြမ်းတာကလည်း တစ်ကြောင်း။ ပြီးတော့...ဟိုလူက ရန်ငြိုးစကား ပြောလိုက်တာ တစ်ကြောင်းကြောင့်"

"ကိုသာညိုကို အဲဒီတုန်းကလည်း ပြောလိုက်သားပဲ။ ရှေ့နှစ်ခါ ရောက်အောင် လာမယ်လို့။ မပန်းတို့အိမ် လာတဲ့တစ်လျှောက်မှာ ကြည့်ပါသေးတယ်၊ မတွေ့ခဲ့ဘူး"

ပန်းဇာဖြူ ရယ်သည်။

"သူ နည်းနည်းတော့ လူကောင်းဖြစ်လာတယ်။ မူးရူး ရမ်းကားတာ သိပ်မလုပ် တော့ဘူး။ တွေ့လည်း ရန်ခိုက်ဒေါသတော့ မဖြစ်စေချင်ဘူး နော"

"သူနဲ့ ရန်ဖြစ်ဖို့လာတာ မဟုတ်ပါဘူး မပန်းရယ်၊ မပန်းနဲ့ တွေ့ချင်လို့ လာတာ ပါ"

ပန်းဇာဖြူ ပြုံးသည်။ ထိုအပြုံးသည် အနည်းငယ် တွေဝေနေသည်ဟု ထင်၏။ ပန်းဇာဖြူသည် တစ်စုံတစ်ရာ တွေးနေဟန်တူ၏။ သာညိုနှင့် တွေ့မည်၊ ရန်ဖြစ်မည်

mgyoe.com

mgyoe.com SAMPLE BOOK


စိုးဟန်တူ၏။ အလာလမ်းတစ်လျှောက်တွင် သာညိုကို အာရုံထဲမှ ဖျောက်မထားခဲ့။ သာညိုသည် အရက်မူးလွန်ပြီး ပြောချင်ရာ ပြောခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ အငြိုးဖွဲ့ကာ ပြောခဲ့ခြင်းလည်း ဖြစ်နိုင်သည်။ မည်သို့ပြောပြော၊ ရန်စကားတို့မည်သည် မေ့ပျောက်၍ ထားကောင်းသော အရာမဟုတ်။

သာညို၏ ထူတွဲတွဲနှုတ်ခမ်းကို စေ့စေ့တင်းထားတတ်သော အမူအရာကို မြင်ပင် မြင်နေဆဲ။ မျက်ခုံးကိုနှိမ့်ကာ ကြုတ်ကြုတ်ထားသော အမူအရာကို မှတ်မိနေသည်။ မနိုင်မှ အရှုံးပေး၊ မလှန်နိုင်မှ ဘွာခတ်ကာ အခွင့်ကောင်းကို ချောင်းတတ်သော သူမျိုးဟု သိနေသည်။ သာညိုနှင့် စကားများခဲ့သည့်အကြောင်းတွင် ငါ မနေတတ်လို့လားဟု ပြန်စဉ်းစားတော့ စဉ်းစားသည်။

ထိုနေ့က ပင်လယ်ကမ်းခြေမှ ပြန်လာပြီး အုန်းခြံထဲတွင် သူငယ်ချင်းတွေနှင့် ထိုင်စကားပြောသည်။ ထိုစဉ် စကားသံတွေ၊ တားသံ အော်သံ ကြားသည်။ "သွားကြည့်ရအောင်ကွာ၊ တို့ ကျောင်းသူ ကျောင်းသားတွေများ ပါနေသလား မသိဘူး" ဟု ခင်မောင်ဝင်း ပြောသည်။ သုံးလေးငါးယောက် တွေ့ရသည်။ သာညိုနှင့် အမျိုးသားတစ်ယောက်၊ ပန်းဇာဖြူနှင့် အမျိုးသမီးတစ်ယောက်။ ပန်းဇာဖြူက သာညိုကို ရန်တွေ့သည်။ သာညိုက ပြန်အော်လိုက်၊ သရော်ရယ်, ရယ်လိုက်နှင့် ရှိသည်။

ပန်းဇာဖြူက သူတို့ကို လှမ်းခေါ်သည်။ "တို့နဲ့မဆိုင်ဘူးဟေ့" ဟု သိန်းထွန်းသန်း ပြောသောကြောင့် ကွေ့ရှောင်ကာ လျှောက်လိုက်သော ခြေတွေ တုံ့သွားသည်။ "ခေါ်နေတဲ့ကြားက မသွားရင် ရိုင်းရာကျမယ်၊ အဆင်ပြေပြေ ဝင်ရအောင်" ဟု စိန်တင်တိုးတိုးပြောသည်။ သူတို့အနီးသို့ အရောက်တွင် သာညိုက "ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်ကိစ္စကိုယ်လုပ်၊ မဆိုင်တာဝင်ရင် မောကြောဆိုက်မယ်" ဟု ပြောသည်။

ခင်မောင်ဝင်းက "သြော်…ကိုသာညို၊ ရပ်ဆွေရပ်မျိုးချင်း အေးအေးဆေးဆေး ဖြေရှင်းကြဖို့ ကျွန်တော်တို့က မေတ္တာရပ်ခံမလို့ပါ" ဟု ပြုံး၍ပြော၏။ သာညို လှောင်ရယ် ရယ်သည်။ သာညို၏ သူငယ်ချင်းတွေက "လာကွာ၊ ပြန်ရအောင်" ဟု လက်မောင်းဆွဲကာ ခေါ်သည်။ သာညိုက ထိုလက်ကို ပုတ်ချသည်။ "မင်းတို့ကိစ္စ မဟုတ်ဘူးလေကွာ၊ မင်းတို့သွားစရာရှိတာ သွားဖို့ ငါက ပြန်ပြီး မေတ္တာရပ်ခံပါတယ်" ဟု အမူးတံတွေး ထွီခနဲ ထွေးပြီး ပြောသည်။

ပန်းဇာဖြူက သူတို့ထံသို့ သူငယ်ချင်းလက်ကိုဆွဲကာ လှမ်းလာ၏။ "သွားမယ် ကိုအောင်သူ" ဟု ပြောသည်။ သူတို့ အိုးတိုးအမ်းတမ်း ဖြစ်နေသည်။ ရွာဘက်သို့

mgyoe.com

mgyoe.com SAMPLE BOOK


လျှောက်သော ပန်းဇာဖြူတို့၏ နောက်မှ သူတို့လိုက်သွားသည်။ ထိုအစသည် သာညို ငြိုးစရာ ဖြစ်ခဲ့သည်။

အောင်သူတို့ စာသင်ရာသို့ ရောက်လာကာ ခါးထောက်ကြည့်တတ်သည်။ နှုတ်ဖြင့် လက်ခြေဖြင့် မစ,သော်လည်း မျက်နှာရိပ် မျက်နှာကဲဖြင့် မခံချင်အောင် ကြည့်သည်။ လမ်း၌ ဆုံမိလျှင် စားမည့်ဝါးမည့် မျက်လုံးမျိုးဖြင့် ကြည့်သည်။ ကိုယ့်အသားမထိသရွေ့ သည်းခံမည်ဟု သူ စိတ်ပိုင်းထားသည်။

စေတနာဖြင့် စာသင်ပေးသော ကိစ္စတွေ အမည်းစက်အောက်၌ အဖုံးအကွယ် မဖြစ်စေချင်။ ရွာခံလူကြီးတွေ၊ တာဝန်ရှိ လူကြီးတွေ မျက်နှာပျက်မည်၊ အလုပ်ပိုမည် စိုးသည်။ ထို့ပြင် အိမ်ရှင်ကို ဧည့်သည်က လေးစား နားလည်ရမည်ဟု သဘောပေါက်ထားသည်။

စခန်းသိမ်းခါနီး တစ်ပတ်အလိုတွင် ပြဿနာစသည်။

ပန်းဇာဖြူတို့အိမ်မှ အပြန်တွင် ဘုန်းကြီးကျောင်းသို့ လိုက်မည်၊ ကျောင်းဝင်း အတွင်းရှိ ဇရပ်တစ်ဆောင်တွင် ကျောင်းသူတွေနေသည်။ အခြားတစ်ဆောင်တွင် ကျောင်းသားတွေနေသည်။ ကျောင်းသူဇရပ်တွင် နေထိုင်မကောင်းဖြစ်နေသော ကျောင်းသူ သုံးလေးယောက်ရှိသည်။ ပန်းဇာဖြူက သတင်းမေးချင်သည်ဟု ဆိုကာ လိုက်လာ၏။ ရွာလမ်းပေါ်သို့ အရောက်တွင် သာညိုနှင့် မျက်နှာချင်းဆိုင် ဆုံသည်။

သာညိုက ဆက်မလျှောက်။ ရပ်၍ ကြည့်နေသည်။ နီးလာသည်အထိ မျက်တောင်မခတ် ကြည့်လျက်ရှိသည်။ နှုတ်မဆက်ရအခက် ဆက်ရအခက်။ "တည်တည်နေ...အရောမဝင်နဲ့" ဟု ပန်းဇာဖြူ ပြောသည်။ ဘေးမှဖြတ်သွားစဉ် ပန်းဇာဖြူ၏လက်ကို လှမ်းဆွဲသည်။ ပန်းဇာဖြူက ဆတ်ခနဲရုန်းကာ ဆုတ်၏။ လက်လွတ်သွား၍ တစ်ခါထပ်ဆွဲသည်။ ပန်းဇာဖြူသည် ဆောင့်ကာရုန်းပြီး "ရှင် မစော်ကားနဲ့" ဟု အော်၏။ သူ ဒေါသကိုချုပ်ကာ သာညို့အနီးတွင် ရပ်၏။

အရက်နံ့ ချဉ်စူးစူးနှင့်အတူ "ဘာလဲ...မင်းကောင်မ ထိလို့ မင်းက နာသလား" ဟု ပြောသည်။ သူ ပြေရာပြေကြောင်း ပြောမည်အပြုတွင် ပန်းဇာဖြူက သာညို၏ မျက်နှာကို ဖြန်းခနဲ လှမ်းရိုက်၏။

ပန်းဇာဖြူ နောက်တစ်လှမ်းလှမ်းကာ ရပ်ရင်း "ကိုအောင်သူ အဖက်လုပ်ပြီး စကားမပြောနဲ့၊ လာ... သွားမယ်" ဟု ပြောသည်။ သူ လှမ်းမည်အပြုတွင် သူ့ပခုံးကို သာညို လက်လှမ်းဆွဲပြီး "မင်းက အုံနဲ့ကျင်းနဲ့ လာတာကိုးကွ၊ မင်း သတ္တိရှိရင်

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ယောက်တည်း ဒီကို သတ်သတ်လာခဲ့" ဟု ပြောသည်။ "ခင်ဗျားဖိတ်တာကို လက်ခံပါတယ်။ ကျွန်တော် လာမှာပါ" ဟု ပြောကာ သာညို့လက်ကို ဖြည်းဖြည်း ဖယ်သည်။

ပန်းဇာဖြူ၏ ဆားသို့ ယှဉ်ပြီးအလျှောက်တွင် "ဇာဖြူမ၊ ဟော့...ရှင်ဇာဖြူ... နှင် ကြပ်ကြပ်သတိထား" ဟု အော်ကာ ကြိမ်း၏။ ပန်းဇာဖြူ လှည့်မကြည့်။ နှုတ်ခမ်း တစ်ချက် တွန့်သည်။ ဟင်းခနဲပြုကာ အံကြိတ်၏။ သာညို့စကားကြောင့် သူ အားနာ မိသည်။ တစ်ဖက်သတ်ကြိုက်သူ၏ ဒုက္ခကို နားလည်သော်လည်း မယဉ်ကျေးသော အပြုအမူကိုကား မနှစ်မြို့။ ပန်းဇာဖြူ၏ ဒေါသနှင့် လှုပ်ရှားဖျတ်လတ်ပုံကိုလည်း သတိပြုမိခဲ့သည်။

"မပန်း နားချင်သွားနားပါ၊ ကျွန်တော့်ကို အားမနာနဲ့၊ တစ်နေ့လုံး အလုပ်ပင်ပန်း ထားတာ"

"ဧည့်သည်ကိုထားပြီး ဇာဖြူ သွားလို့ ဘယ်ဖြစ်ပါ့မလဲ။ ပြီးတော့ ဒီနေ့ သိပ်မပင်ပန်းပါဘူး။ ဦးကြီးတို့က ငါးတွေကို သမဝါယမမှာ သွင်းတာ၊ မနှစ်ကလို ပွဲစားပေးတာတို့၊ ဘာတို့ မဟုတ်တော့ဘူး။ ငါးက အချိန်သုံးရာကျော်လေး"

"ကျွန်တော် ဒီကွပ်ပျစ်မှာ ထိုင်ရတာ အတော်ဇိမ်ရှိနေတာ၊ ထမင်းလည်း မစား ချင်သေးဘူး၊ လကလည်း တကယ်သာတာ ထိန်နေတာပဲ၊ မြို့မှာက ဒီအရသာ မရဘူး လေ"

ပန်းဇာဖြူ ပြုံးသည်။

"ဇာဖြူတို့ကျတော့လည်း တစ်ခါတလေမှ သတိပြုမိတယ်လေ။ ကိုယ့်အလုပ်နဲ့ ကိုယ် ရှုပ်နေတာ မဟုတ်လား၊ အမှန်တော့လည်း ကိုအောင်သူတို့ သူငယ်ချင်း တစ်သိုက်နဲ့ ခင်တော့မှ တောင်ခိုးတွေ ဝေတာတို့၊ မြူတွေဆိုင်းတာတို့၊ နှင်းတွေကျတာ တို့ကို ဂရုတစိုက်ကြည့်ပြီး ခံစားတတ်တယ် ဆိုပါတော့။ တောသူမ ကဗျာဆန်တယ် ဆိုပါတော့"

ကိုယ့်စကား ကိုယ်သဘောကျကာ ပန်းဇာဖြူ ရယ်သည်။ လရောင်ကဲ့သို့ အေးမြသော ရယ်သံဟု ခံစားရသည်။

"ရေမြေတောတောင် သဘာဝကို ဂရုတစိုက်ကြည့်လာရင် အဲဒါတွေရဲ့အလှ ကို မြင်လာမယ်၊ ပြီးတော့...အဲဒီသဘာဝတွေကို စုံမက်လာမယ်။ ဒီဥစ္စာတွေကို အဆုံး ရှုံးလည်း မခံချင်ဘူး၊ စောင့်ရှောက်ချင်စိတ်၊ အကာအကွယ်ပေးချင်စိတ်က အဲဒီကျမှ

mgyoe.com

mgyoe.com SAMPLE BOOK


မှတ်တယ် ဝင်လာတာ။ သူတစ်ပါးလုပယူမှာစိုးတဲ့စိတ်၊ အလုမခံချင်စိတ်က နှမြောစိတ် ရှိမှဖြစ်တဲ့ စိတ်ပဲ...မဟုတ်ဘူးလား...လှတယ်၊ တန်ဖိုးရှိတယ်လို့ မမြင်ဘဲနဲ့ ဘယ်လာ သိမှာလဲ၊ မသိဘဲနဲ့ ဘယ်လာ အနှမြောစုံမက် ရှိပါ့မလဲ"

သူ့စကားကို ပြုံးလက်စနှင့်ပင် နားထောင်ပြီး...

"ဒီစကားက ဒါပါဆိုရင် နှစ်ခါရှိပြီ...ဇာဖြူ ကြားရတာ"

"နားငြီးသွားတယ်ပေါ့"

"မငြီးပါဘူး၊ ကိုအောင်သူက စကားပြောကောင်းတဲ့သူပဲ၊ နားထောင်လို့ ကောင်းပြီးသား"

"မြှောက်ပြောမှန်း သိပေမဲ့ သဘောကျတယ်ဗျာ"

"မဟုတ်ပါဘူး၊ တကယ်ပြောတာပါ။ ဒီလိုဆို ဇာဖြူ မေးရမလား၊ ကတ်သီး ကတ္တသတ် မေးတယ် မထင်နဲ့နော်"

"မထင်ပါဘူး မေး"

ပန်းဇာဖြူသည် ခဏမျှ ငုံ့နေ၏။

"ကိုယ့်ရုပ်ကိုယ့်ရွာကို လှလှပပရှိတော့မှပဲ နှမြောစုံမက်ရမှာလား"

"တကယ့်ကို လှတာ ဖြစ်ချင်ဖြစ်မယ်၊ လှတယ်လို့ထင်တာ ဖြစ်ချင်လည်း ဖြစ်မယ်"

"ဟင်... ကိုအောင်သူ့စကားကလည်း"

"ဟုတ်တယ်လေ...လှတယ်ဆိုတာ မြင်တဲ့သူရဲ့ အမြင်ပေါ်မှာလည်း မူတည် နေသေးတဲ့ဟာပဲ။ ကျွန်တော် ပုဂံကိုရောက်တယ်၊ ဘုရားပုထိုးတွေ ရှိတာကလွဲရင် လွင်တီးခေါင်ပဲ။ ဒီနေရာလို ပင်လယ်ပြင်လည်း မရှိဘူး၊ သဲသောင် တစ်မျှော်တစ်ခေါ် လည်း မရှိဘူး။ ချင်းတောင်နဲ့ ကချင်ပြည်ကို ရောက်တယ်၊ သစ်တောနဲ့ နှင်းခဲတဲ့ တောင်ပဲ ရှိတာပဲ။ တစ်နေရာမှာ မရှိတာ တစ်နေရာမှာ ရှိတယ်လေ။ ပူနွေး ခြောက်သွေ့တဲ့ လေကို အလယ်ပိုင်း ကန္တာရမှာ ရှုရတယ်၊ မြောက်ဘက်မှာ ရေခဲငွေ့ ပါတဲ့လေကို ရှုရတယ်။ ဒီနေရာမှာ ဆားငွေ့ပင်လယ်လေကို ရှုရတယ်။ အပူပိုင်း ကန္တာရရဲ့ သွေ့ခြောက်ပြီး လွင်ကျင်းနေတာကို လှတယ်လို့ ကျွန်တော် ခံစားရတယ် လေ"

ပန်းဇာဖြူ ခေါင်းညိတ်သည်။ "အဲဒီနေရာတွေ ဇာဖြူ ရောက်ချင်လိုက်တာ" ဟု ပြောသည်။ စကားခေတ္တတန့်သွားခိုက်တွင် ပတ်ဝန်းကျင်သည် တိတ်နေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


ငှက်သံပင် မကြားရ။ လေတိုက်သံသည် ညင်သာလာ၏။ ရေနွေးကြမ်း ငှဲ့ပေးထားသော ပန်းကန်လုံးကို သူ လှမ်းယူ၏။ တစ်ငုံငုံကာ စားပွဲခုံပေါ်သို့ ပြန်ထားသည်။ ဇက်အညောင်းဖြေရင်း ကောင်းကင်ကိုကြည့်သည်။ ကြည်လင်နေ၏။ တိမ်တစ်စမျှ မရှိ။

"အလှအပဆိုတာ ဖြည့်ကြည့်ရတာလည်း ပါတယ်ပေါ့ ကိုအောင်သူ..."

"တစ်ယောက်နဲ့တစ်ယောက် သဘောထားချင်း တူချင်မှတူမှာပေါ့၊ ဆိုပါတော့ဗျာ...ကျွန်တော်ဆို မပန်းတို့ဆီက သဲသောင်ပြင်ကြီးကို သဘောကျတယ်၊ ပင်လယ်ရေပြင်ကြီးကို ကြည်နူးတယ်၊ ကျွန်းလေးတွေကို ငေးရတာ ပျော်တယ်၊ နောက်ပြန်ကြည့်ရင် ရိုးမတောင်တန်းကြီးကို မြင်ရတာ ကြည့်မဝဘူး၊ ကျွန်တော့်သူငယ်ချင်းတွေက ရောက်စတုန်းက ထူးဆန်းနေတယ်၊ တစ်ပတ် နှစ်ပတ်လည်းကြာရော ငြီးငွေ့လာကြတယ်။ အုန်းရည်လည်း မသောက်ချင်တော့ဘူး၊ ဖွန်းခြစ်လည်း မစားချင်ဘူး။ အုန်းဆီဥနဲ့ ထမင်းနဲ့ကို မစားနိုင်တော့ဘူး။ နေ့တိုင်းတော့ ကျွန်တော်လည်း ဘယ်စားနိုင်ပါ့မလဲ။ ဆိုတာက ငြီးငွေ့တတ်တာကို ပြောတာပါ"

"ဒီမှာက သမ္မတရုပ်ရှင်ရုံလည်း မရှိဘူး၊ အင်းလျားကန် ဟိုတယ်လည်းမရှိဘူး၊ လေဟာပြင်စျေးတို့၊ စိန့်ဂျွန်းစျေးတို့လည်း မရှိဘူးလေ ကိုအောင်သူ"

ပန်းဇာဖြူ ကြားဖြတ်ဝင်ပြောသည်။

"အဲဒါတွေကလွဲရင် ဒီမှာ ရေဒီယိုရှိတယ်၊ ကက်ဆက်ရှိတယ်၊ အိမ်တော်တော်များများမှာ မီးစက်တွေ၊ ခု...မပန်းတို့ အိမ်တောင် ဘကြီးက ဒီနေ့ပဲ ဟွန်ဒါမီးစက်ဝယ်လာပြီ။ အဝတ်အစားက ဘာမှမထူးတော့ဘူး။ ဂျင်းအကျီ၊ ဘောင်းဘီတောင်ဝတ်နေကြပြီ။ ရွာမှာ ပိုက်ဆံမရှိတဲ့သူ သိပ်မှမရှိတာ။ ခေတ်မီတိုက်တွေ ဆောက်လိုက်ရင် ပြီးပြီပဲ။ မဟုတ်ဘူးလား"

ပန်းဇာဖြူသည် တင်ပါးလွှဲထိုင်နေရာမှ ကွပ်ပျစ်ပေါ်သို့ ခြေတင်ကာ ထိုင်သည်။

"အဲသလို ပြောင်းလဲလာရင်တော့ ကိုအောင်သူ ဒီမှာ အမြဲနေနိုင်မယ်ပေါ့"

"ပြောင်းမှ မဟုတ်ပါဘူး မပန်းရာ။ ဒီမှာ စီးပွားရေးလုပ်ငန်း လာလုပ်ဖို့ စိတ်ကူးထားတဲ့ဟာပဲ"

"ရေရှည်ကို စဉ်းစားဦးနော်"

"စဉ်းစားပြီးမှ ထလာခဲ့တာပဲ။ သမ္မတမှာ ရုပ်ရှင်ကြည့်၊ လေဟာပြင်မှာ ခေါက်ဆွဲစား၊ အဝတ်အစား အသစ်အဆန်းပေါ်ရင် ဦးအောင်ဝယ်ဝတ်၊ တစ်ခါတလေ

mgyoe.com

mgyoe.com SAMPLE BOOK

အင်းလျားကန်ဟိုတယ်မှာ စားလိုက်သောက်လိုက်၊ ဒါနဲ့ ဘ၀ကို ကုန်လွန်ချင်တဲ့သူမျိုးမှ မဟုတ်တာ"

ပန်းဇာဖြူ ပြုံးသည်။ တစ်စုံတစ်ရာ ပြောမည့် အမူအရာကို တွေ့ရသည်။

"ကျန်ပါသေးတယ်"

စကားအရှိန်ရနေသော နှုတ်ခမ်းသည် ဟတတ ဖြစ်သွား၏။ မျက်ခုံးတွန့်ကာ စဉ်းစားသည်။ စဉ်းစားမရ။ သူ ခေါင်းခါကာ...

"ဘာလဲ မပန်း"

မကြာမီ တစ်ချက်ရယ်သည်။ သူ ကြည့်နေစဉ်...

"ဗိုလ်ချုပ်ဈေးထဲမှာ ချစ်သူနဲ့အတူ သွားတာလေ..."

သူ ရယ်လေသည်။

"သူများတွေအတွက်တော့ ဟုတ်မယ်၊ ကျွန်တော်က မူးလို့ ရှုစရာတောင် မရှိတာ"

နှစ်ယောက်သား ပြိုင်တူရယ်ကြသည်။

"ရန်ကုန်က အဝေးကြီးပဲဟာ။ ဇာဖြူ မမြင်ရတာ...ပြော ပြော၊ ယုံပါမယ်"

"လွယ်လွယ်လေးပါ၊ ရန်ကုန်ကိုလိုက်၊ တစ်အိမ်တက်ဆင်း လျှောက်မေး၊ ဒီအိမ်မှာ ကိုအောင်သူ ရည်းစားရှိသလားလို့၊ မကောင်းဘူးလား"

ရယ်သံသည် သနပ်ခါးနံ့ကဲ့သို့ပင် သင်းသင်းပျံ့ပျံ့ ရှိလှသည်။ ပန်းဇာဖြူသည် ဟန်ဆောင်ခြင်းကင်းစွာ ရယ်မောသည်။ သို့သော် ဣန္ဒြေကျိုးပေါက်ခြင်းမရှိ။ လျှပ်ပေါ်လော်လည်သော အရယ်မျိုးမဟုတ်။ ပွင့်လင်းသော ဆက်ဆံရေးဖြစ်သော်လည်း မတင့်တယ်သော အပြောအဆို၊ အနေအထိုင်မဟုတ်။

ရွာသို့လာစဉ်ကတည်းက ပန်းဇာဖြူတို့အိမ်တွင် တည်းရန် မစဉ်းစားခဲ့။ ဘုန်းကြီးကျောင်းမှာ တည်းချင် တည်းမည်။ ဦးလွင်အောင်တို့အိမ် တည်းချင်တည်းမည်။ ပန်းဇာဖြူတို့အိမ် တည်းလျှင် မသင့်လျော်ဟုထင်သည်။ သူ ဦးလွင်အောင်တို့အိမ်ရောက်ပြီး ခဏတစ်ဖြုတ်မျှ ပြောဆိုနှုတ်ဆက်နေစဉ် ပန်းဇာဖြူနှင့် အမျိုးသမီးတစ်စု ရောက်လာသည်။ ပန်းဇာဖြူ၏ သူငယ်ချင်း ယဉ်ယဉ်စိန်က "ကိုအောင်သူ ကျွန်မတို့ အိမ်မှာတည်းနော်" ဟု ပြောသည်။ မတင်ချစ်ကလည်း ပြောသည်။

မတင်ချစ်သည် ဦးလွင်အောင်၏တူမ၊ ခင်မာကြည်က သူတို့အိမ်သို့ လာတည်းရန် ပြောသည်။ ပန်းဇာဖြူက "ငါက စာရေးပြီး မှာတာ၊ နေတာတော့ ငါ့အိမ်မှာ

mgyoe.com SAMPLE BOOK


နေပါစေဟယ်... ဧည့်မငှားရင် ငါ အလွန်ပေါ့" ဟု ပြောသည်။ ယဉ်ယဉ်စိန်က မကျေနပ်။ သို့သော် ခေါင်းညိတ်လိုက်ရသည်။

ပန်းဇာဖြူတို့အိမ်မှာ တည်းရမည့်ကိစ္စကို အားလုံး မကန့်ကွက်ကြသော်လည်း မနက်စာ၊ ညစာအတွက် တစ်အိမ်တစ်နပ်စားမှ ကျေနပ်ကြမည်၊ မိမိဧည့်သည်ကို တစ်အိမ်တစ်နပ် စားစေရန် ပန်းဇာဖြူ ခွင့်မပြုရှု၍မဖြစ်။ ထိုသို့ ဧည့်မငှားလျှင် ရွာခလေ့၊ ရပ်ခလေ့အရ ရိုင်းစိုင်းရာကျမည် ဖြစ်သည်။ "ဒီနေ့ ညစာနဲ့ မနက်ဖြန် မနက်စာတော့ ငါ့အိမ်မှာ စားပါစေနော်" ဟု ပန်းဇာဖြူ သူတို့ကို ပြောသည်။ ကျေနပ်ကြသည်။

ညနေ ငါးနာရီလောက်တွင် မရှေးမနှောင်း ရောက်လာကြသူ နှစ်ဆယ်၊ အစိတ် ခန့်ရှိသည်။ ရောက်ကြောင်း သတင်းက မနှံ့သေး။ လာသူတိုင်းက ယွန်းလင်ပန်း၊ သံလင်ပန်းထဲတွင် ထမင်းမှတစ်ပါး ဟင်း၊ ဟင်းချို တို့စရာ၊ အသီးအနှံ၊ ထန်းလျက်၊ သကြားလုံး ထည့်ယူလာသည်။ ဧည့်သည်အတွက် လာပို့သော ထိုစရိုက်ဓလေ့သည် ကြက်သီးမွေးညင်းထစေခဲ့သည်။

အ,သုံးလုံး ကျောင်းသူ ကျောင်းသားတွေအတွက်ဟု သာမန်တွေး တွေးခဲ့ သည်။ တစ်ပတ်၊ နှစ်ပတ်ကြာမှ ရိုးရာယဉ်ကျေးမှုအဖြစ် သိသည်။ သူ့အိမ်သို့လာသော ဧည့်သည် ကိုယ့်အိမ်တွင် မနက်စာ ညစာ ခေါ်ကျွေးခဲ့သော်လည်း ကိုယ့်ဧည့်သည်ကို သူ့အိမ်သို့ ထမင်းစား မလွှတ်သော်၊ စကားအချေအတင်ဖြစ်သည်ချည်း။ ဧည့်သည် အချေးအငှား မပြုမိသဖြင့် စိတ်ကောက်ကြ၊ ချော့မော့ကြ၊ အခိုက်အတန့် စကားများကြ သည်ကို သူ ကြုံခဲ့ဖူးသည်။

"ကျွန်တော် ဒီကိုလာမယ်လို့ အိမ်ကိုပြောတော့ မေမေက မင်း မနှစ်က အ,သုံး လုံးသွားရင်း ရွာမှာ ရည်းစားသနာများ ကျန်ခဲ့လို့လားတဲ့၊ အထင်ကြီးကြတာလေ"

ပန်းဇာဖြူသည် နားသယ်ဆံစ ကျလာသည်ကို လက်သန်းဖြင့် သပ်တင်ရင်း...

"ရွာက အပျိုတွေကြားရင် ဘဝင်မြင့်သွားမှာ သေချာတယ်၊ ခင်မာကြည်တို့ကို မနက်မှ ပြောပြရဦးမယ်"

"ဘဝင်မြင့်ရမှာက သူတို့မဟုတ်ဘူးဗျ။ ကျွန်တော်...။ ဘာဖြစ်လို့ဆိုတော့ ဒီရွာမှာ ကျွန်တော် စွဲနိုင်တဲ့သူရှိတယ်လို့ မေမေက တွက်လိုက်တာကိုး။ အမှန်က အထက်မြန်မာပြည်ကနေ အောက်မြန်မာပြည် ရွာစဉ်လျှောက်ဦး စွဲလောက်တဲ့ အရည် အချင်း ကျွန်တော့်မှာမှ မရှိတာ"

ပန်းဇာဖြူ တစ်ချက်ပြုံးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မျက်စိကျတဲ့သူရှိရင်ပြော၊ ဇာဖြူ သွားပြီး နားဖောက်ပေးမယ်။ ခင်မာကြည်လား၊ မတင်ချစ်လား၊ ယဉ်ယဉ်စိန်လား။ သုံးယောက်စလုံး ဘွဲ့ရပြီးသား။ မတင်ချစ်က ·ပိုလှတယ်"

"ယဉ်ယဉ်စိန်လို သေးသေးသွယ်သွယ်ကလေးကမှ လှတာပါဗျ"

ပန်းဇာဖြူ ရယ်လေ၏။ ယဉ်ယဉ်စိန်သည် ဝဝတုတ်တုတ်၊ ပုပု။

"ခင်မာကြည်လို ဝဝကစ်ကစ် ပုပုလေးမှ လှတာပါ"

ပန်းဇာဖြူက သူ့နည်းတူ ရယ်စကားဆိုသည်။ ခင်မာကြည်သည် ပိန်ပိန်ရှည်ရှည်၊ အရှည်ကြီးဟု ကျီစယ် ခေါ်ဝေါ်ကြသည်။ "ခင်မာကြည်တို့ အမေရော နေထိုင်ကောင်းရဲ့လား" ဟု မေးသည်။ "ဒီလိုပါပဲ၊ တရှောင်ရှောင်နဲ့၊ လူကြီးနာ မဟုတ်လား" ဟု ပန်းဇာဖြူ ဖြေသည်။ သူ မှတ်မိ သတိရသမျှလူတွေ မေးသည်။ ပန်းဇာဖြူ ဖြေသည်။ ရောက်တတ်ရာရာ စကားတွေ ပြောရင်း၊ ရယ်မောရင်း အချိန်ကုန်သည်ကမသိမိ။

ညတာတိုသေးသော ဆောင်း၏ အစဦးပေတကား။

❑

mgyoe.com

mgyoe.com SAMPLE BOOK

(၂)

သျှောင်ကို သေသပ်ကျနစွာထုံးသည်။ ယောဂီရောင် ပဝါဖြင့် ပေါင်းရင်း...

"မောင်အောင်သူနဲ့ အေးအေးဆေးဆေး စကားပြောချိန်တောင် မရဘူး၊ ဦးကြီးတို့ အလုပ်များတဲ့အချိန်နဲ့ လာကြုံနေတာမို့လို့ အားနာတယ်။ သမီးပြောတယ် တစ်ပတ်၊ နှစ်ပတ် နေမယ်ဆို"

"ဟုတ်ကဲ့ ဦးကြီး"

ဘကြီးဟု အခေါ်မရှိသော ရပ်ဝလေ့ကြောင့် မနည်းသတိထားကာ ဦးကြီးဟု သုံးရသည်။

"ဦးကြီး ခုတစ်ခေါက် ပင်လယ်ကပြန်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ မောင်အောင်သူ ဒီမှာနေတာ ဘာမှ အားမနာနဲ့၊ လိုတာပြော။ မင်းအရီးလည်း ဦးကြီးမှာထားတယ်"

ခေါင်းညိတ်ကာ 'ဟုတ်ကဲ့' သည်။ အလေ့မသိမိက "ဘယ်နေ့ပြန်ရောက်မလဲ၊ ဘာလဲ" မေးဖူးသည်။ မမေးကောင်းကြောင်း သိခဲ့ပြီးနောက်၊ ယခုတစ်ခေါက်တွင် ဒေသသဘောသကန်ကို လိုက်လျောညီထွေရှိတတ်ပေပြီ။ ပြန်မည့်နေ့နှင့် ဦးကြီး ပင်လယ်မှအပြန် လွဲချင်လွဲပေလိမ့်မည်။

ဦးကြီးက စကားအဆုံးတွင် ပြုံးသည်။ ပါးအရေးအကြောင်းတွေ အရစ်ရစ်တွန့်သွားသည်။ ပြည့်တင်းသောမျက်နှာ အသက်ကြီးရင့်သည့် အလျောက်သာရှိသည်။ အိုမင်းကျဆင်းခြင်း လက္ခဏာမျိုးမဟုတ်။ ဦးကြီး၏ လှုပ်ရှားမှုတို့သည် ၆၀ တွင်း လူကြီးအများစုနှင့်မတူ။ ဖျတ်လတ်စွာ၊ တက်ကြွစွာ။ ခြောက်ပေနီးပါး အရပ်အမောင်း၊

mgyoe.com

mgyoe.com SAMPLE BOOK


ရင်အုပ်ကျယ်ကျယ်။ လက်ပျဉ်းကျသော်လည်း သန်သန်မာမာ။ ဖြူသော အသား အရေကြောင့် အရွယ်တင်ခြင်းလည်း ဖြစ်ပေလိမ့်မည်။

ဦးကြီးနှင့် ပထမဦးဆုံးအကြိမ် တွေ့ဖူးစဉ်က ပန်းဇာဖြူ၏ ဖခင်ဟုပင် ထင်သည်။ ပန်းဇာဖြူတို့ မျိုးရိုးသည် နှာတံစင်းကာ ပေါ်လွင်သော သဏ္ဍာန်၊ မျက်ခုံးထူထူ၊ မျက်တွင်းပြည့်ပြည့် ရုပ်သွင်ရှိသော သူများဖြစ်သည်။ ပန်းဇာဖြူ၏ ဖခင်ဓာတ်ပုံကို တွေ့ရသောအခါ၊ အဘွား၏ဓာတ်ပုံကို တွေ့ရသောအခါ ထိုသို့ မှန်းမိသည်။

"လာမယ့်မိုးမကျခင် ရန်ကုန်ကို ဦးကြီး လာစရာရှိတယ်၊ ပိုက်တွေက မကောင်းတော့ဘူးလေ။ လာဆို... အခါလွန်ပြီး ဒီမှာ အလုပ်သိမ်းပြီးလောက်မှ လာဖြစ်မယ်။ မေလဆိုရင် မိုးနဲ့လေက စပြီလေ။ တစ်မိုးတွင်းလုံး စက်လှေပြင်ရ၊ ငါးဖမ်းပစ္စည်းစုရ မဟုတ်လား"

"ရန်ကုန် လာရင်တော့ ကျွန်တော်တို့ အိမ်မှာ ဦးကြီးတည်းမှဖြစ်မယ်"

ရေနံစိမ်၊ နေလှန်းပြီး မကျွမ်းရုံ လှော်ထားသော ကွမ်းသီးစိတ်တွေကို ပါးစပ်ထဲသို့ ပက်သွင်းသည်။ ပြုံး၍ ခေါင်းညိတ်ကာ "တည်းမှာပေါ့ကွာ" ဟု ပြောသည်။

"ရွာထဲမှာ ကိစ္စရှိလည်း ကိုအောင်လွင်တို့၊ ကိုစိုးသိမ်းတို့ကို ပြောပေါ့၊ ဦးကြီးလည်း မနေ့က ပြောထားသေးတယ်။ ပြောမယ့်သာ ပြောရတာပါ။ မင်းနဲ့လည်း တစ်ရွာလုံးနဲ့ ခင်မင်ရင်းနှီးနေမင့်ဟာ"

အပြင်ထုတ်ကာ ဝတ်ထားသော ရုပ်အင်္ကျီလက်ရှည်လက်ကို အပြာ့ကြီးကြီး ညီအောင် ခေါက်သည်။ ကြယ်သီးစေ့တပ်ကာ ထိုင်ရာမှထ၏။ ကွက်တုံးဖော်ထားသော ဘန်ကောက်လုံချည် တစ်ပတ်နွမ်းကို ပြင်ဝတ်သည်။ အင်္ကျီကို အတွင်းထည့်ဝတ်သော ဦးကြီး၏ ဟန်ပန်သည် ဖျတ်လတ်စွာ။ ပုဆိုးခါးပုံစ ထုတ်ထားသည်။

အိမ်နောက်ဘက်သို့ လှည့်ကြည့်ကာ "ဟော့...မယ်ငွေ" ဟု လှမ်းခေါ်၏။ ဒေါ်ငွေ ထွက်လာသောအခါ "မောင်စုတို့ ပိုက်နှစ်ဖုံလာပို့ရင် ယူတော့ထားလိုက်၊ ငွေတော့ မပေးနဲ့ဦး၊ ငါ ပင်လယ်ကပြန်မှ ပေးမယ်ပြော၊ ဒီကောင်က ပြောရင် တစ်မျိုး၊ လက်တွေ့တစ်မျိုး၊ အိန္ဒိယပိုက်တွေ ဖြစ်နေဦးမယ်" ဟု ပြောသည်။ ဒေါ်ကြီးက ခေါင်းညိတ်ပြီး အင်းလိုက်၏။

ထိုစဉ် အိမ်ခြေရင်းမှ ပန်းဇာဖြူနှင့် ခင်မာကြည်တို့၏ ရယ်သံကို သဲ့သဲ့ ကြားရသည်။

*

mgyoe.com

 mgyoe.com SAMPLE BOOK 

ခင်မာကြည်တို့အိမ်တွင် ထမင်းလိုက်စားသည်။ ဟင်းပို့လာသူတွေက ခင်မာကြည်တို့အိမ်သို့ လာပို့ထားကြသည်။ မနက်ဖြန်မနက်တွင် မတင်ချစ်တို့အိမ်သို့ မနက်စာ သွားစားရမည်ကိုလည်း သိကြသည်။ အစားကြမ်းသောသူ ၁၀ ယောက် စားဦးတော့၊ ကုန်နိုင်ဖွယ်မရှိသော ဟင်းလျာတွေ၊ အချိုပွဲတွေ။ ရန်ကုန်ကဲ့သို့ မြို့ကြီးပြကြီး မြို့လေးပြလေးတို့တွင် မရှိသော ဓလေ့။ သဒ္ဓါတရားနှင့် ခင်မင် ဂရုစိုက်မှုအရာတွင် အံ့ဖွယ်ကောင်းလှသည်။

တစ်နှစ်လုံး နေ၍မှ ရွာသို့ ဧည့်သည်တစ်ယောက်တလေ ရောက်မလာလျှင် နောက်နှစ်၌ စီးပွားရေး အ, တတ်သည်။ ငွေကြေးခေါင်းပါးတတ်သည်ဟု ဆိုရိုးပင်ရှိသည်။ "တို့မြို့မှာက ခင်မင်တယ်ဆိုတာ လူချင်း၊ ရဲဘော်ရဲဘက်စိတ်ဆိုတာ လူချင်း၊ ထမင်းတစ်စေ့ ကြေးတစ်ပြား အထိမခံတဲ့နည်းနဲ့ပဲ ခင်မင်မှုထားကြတာ၊ ပါးစပ်ဖျားလေးမှာပဲရှိတဲ့ လူမှုဆက်ဆံရေး၊ ဧည့်သည်ကလည်း မသိတတ်၊ အိမ်ရှင်ကလည်း ကိုယ့်လျှာတောင် ကိုယ် မသဒ္ဓါ၊ အခြေအနေကလည်း မပေး၊ ဒီတော့ ပျက်ပြားတဲ့ လူမှုဆက်ဆံရေးပါပဲ။ ဒီမှာလို ရွာတောင်ပိုင်းက ကိုယ်မသိတဲ့ ဧည့်သည်ကို ဧည့်ဌာဖို့ နေနေသာသာ ကိုယ့်ဆီလာတဲ့ ဧည့်သည်ကိုတောင် တယ်ပြီး အတွေ့ခံချင်တာ မဟုတ်ဘူး၊ စီးကရက်တစ်လိပ်၊ ဆေးပေါ့လိပ်တစ်တို၊ လက်ဖက်ရည်တစ်ခွက်၊ ထမင်းတစ်နပ် သက်သာလည်း မနည်းဘူးဆိုတဲ့ တွက်ကိန်းနဲ့ ဧည့်သည် သွားလုပ်တဲ့သူမျိုးကလည်း ရှိတာကိုး၊ တောင်ငူလည်း တောင်ငူ၊ မောင်းထောင်လည်း မောင်းထောင်ကိုး" ဟု သူငယ်ချင်းတွေ စကားစပ်ခဲ့ကြဖူးသည်။

"ကိုအောင်သူပြန်ဖို့ ဆယ်ရက်လိုသေးတာပဲ"

"ဗျာ..."

အိမ်အပြန်လမ်းတွင် ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြ၍ စကားမပြောဖြစ်၊ လမ်းအချိုးသို့ရောက်မှ ပန်းဇာဖြူက ကောက်ကာငင်ကာ ပြောသောစကားကို နားမလည်။ မျက်နှာငဲ့ကာ သူ့ကိုကြည့်သည်။ မသိသာစွာ ပင့်သွားသော မျက်ခုံး။

"ဪ...ကိုအောင်သူ နောက်ဆယ်ရက်နေပြီးရင် ပြန်တော့မှာကို တွေးမိလို့ပါ"

ခင်မင်တွယ်တာသော စကား။

"တစ်လ နှစ်လနေရင် ကျွန်တော် တစ်ခေါက် ထပ်လာရဦးမှာပဲ မပန်း၊ အုန်းခြံလုပ်ငန်း လုပ်ဖြစ်ဖြစ် မလုပ်ဖြစ်ဖြစ်၊ ဒီရွာကို ကျွန်တော်မလာဘဲ နေမှာမှ မဟုတ်တာ"

mgyoe.com

mgyoe.com SAMPLE BOOK


"ဇာဖြူ့ အုန်းခြံကို တစ်ဝက်ခွဲဝယ်ဆိုတော့ ဘာလို့ မဝယ်လဲ"

"ငွေမယူဘဲ ရောင်းတာကိုး"

"ဇာဖြူမှာ သုံးစရာငွေတွေ အများကြီးရှိနေတာပဲဟာ၊ ငွေမလိုလို့ပေါ့"

သူ သဘောကျစွာ ရယ်သည်။

"ဦးကြည်လှိုင်တို့ခြံက အပင်သုံးရာလောက်ရှိတာပဲ။ တစ်ပင် ငါးဆယ်ဆိုတာ မဆိုးပါဘူး၊ အသီးက တော်တော်သီးတဲ့ခြံပဲ"

"တမြန်နှစ်ကမှ စသီးတာ။ ဦးကြည်လှိုင်ခြံကို မဝယ်ပါနဲ့၊ ဇာဖြူ့ခြံကို တစ်ဝက်ခွဲယူ၊ အပင်ခြောက်ရာလောက်ပေါ့။ ကောင်းတယ်မဟုတ်လား"

"တစ်ပင်ကို ဘယ်လောက်လဲဆိုတော့ မပန်းက ပြောမှ မပြောတာ"

ပန်းဇာဖြူ ပြုံးသည်။

"တစ်ပင် ဆယ့်ငါးပြားပေးပေါ့"

"ဒေါ်ကြီး ဒေါ်ငွေကို ဆံပင်ဖြူ နုတ်ပေးရင် တစ်ပင် ဆယ့်ငါးပြား ပေးလား"

ဟက်ဟက်ပက်ပက် ရယ်သံသည် နားတွင်စွဲ၍ နေလေ၏။

"ကိုအောင်သူ..."

"ဗျာ..."

"ရှင် ဒီမှာတကယ် ဓားမဦးချ အလုပ်လာလုပ်ဖို့ စိတ်ကူးထားပြီလားဟင်"

သူ ခေါင်းညိတ်သည်။

"စိတ်ကူး မဟုတ်ဘူး၊ ဆုံးဖြတ်ထားပြီးသားပါ"

"ကျွန်မတို့ရွာမှာ ဘာတွေပေါတယ်၊ အုန်းပင်နဲ့ ခရုပေါတယ်ဆိုတာမျိုးပဲ ရှိတာ၊ ကြာရင် ငြီးငွေ့သွားမယ်လို့ ဇာဖြူ ထင်တယ်"

သူ ခေါင်းခါသည်။

"ကျွန်တော် ငြီးငွေ့လွယ်တဲ့သူ မဟုတ်ပါဘူး မပန်းရယ်...ပြီးတော့...ငြီးငွေ့တယ်ဆိုတာ ကျွန်တော် သိပ်လည်း နားမလည်ပါဘူးဗျာ"

"အပြောက ညွှန့်နေတာပဲ"

"ဗျာ...ငှက်ပျောညွှန့် ဟုတ်လား၊ ကျွန်တော် မပြောလိုက်ရပါလား"

သူ့ပခုံးကို ထုမည့်လက်သီးဆုပ်ကို ပန်းဇာဖြူ ပြန်ရုပ်သည်။ အရယ်မပျက်သော မျက်နှာနှင့်။

"ထုမလို့ မဟုတ်လား၊ ထုလေ..."

mgyoe.com

mgyoe.com SAMPLE BOOK


"မထုပါဘူး၊ နာသွားမှာစိုးလို့"

စကားသက်သက်မဟုတ်၊ ကြင်နာသံဟု ခံစားသိရှိသည်။ ပန်းဇာဖြူသည် လက်တစ်ကမ်း သာသာခွာ၍ လျှောက်နေရာမှ တံတောင်တစ်ဆန့်သာသာ ယှဉ်၍ လျှောက်သည်။

"မပန်း ရန်ကုန်ကို ဘယ်တော့လာမလဲ"

ချက်ချင်းမဖြေ။ လမ်းမြောင်ကုန်းဆင်းမှာ အသွားရခက်နေသည်။ နှစ်ယောက်စာအတွက် အသွားခက်သည်။ ပန်းဇာဖြူသည် ရှေ့မှမသွား၊ နောက်မှာမကျန်။ ယှဉ်ကာလျှောက်သဖြင့် ပခုံးချင်းထိနေတတ်သည်။ ချိုင့်အဆင်းတွင် သူ့ပခုံးကို လှမ်းကိုင်ပြီး ဆင်းသည်။

"လာချင်တာပေါ့"

"လာချင်ရင် ကျွန်တော်အပြန် လိုက်ခဲ့ပါလား"

ပန်းဇာဖြူ ပြုံးသည်။

"မိုးမကျခင် ရန်ကုန်လာစရာရှိတယ်လေ။ ဦးနှကြီးနဲ့ လိုက်လာခဲ့မှာပေါ့"

"ခု ကျွန်တော်အပြန် မပန်းလိုက်လာ၊ တစ်ပတ် နှစ်ပတ်နေ မပန်းပြန်တော့ ကျွန်တော် ဒီပြန်လိုက်လာ၊ ကျွန်တော်ပြန်တော့ မပန်းက တစ်ခါပြန်လိုက်၊ မကောင်းဘူးလား"

လမ်းကျယ်လာသည်။ ကြခတ် စည်းရိုးဘေးမှ ကပ်၍လျှောက်ရင်း ရယ်သံနှင့်အတူ...

"အမူးသမားနှစ်ယောက် တစ်ယောက်အိမ် တစ်ယောက် လိုက်ပို့ကြသလိုပေါ့"

အနောက်ဘက် သစ်ပင်အုပ်တွေကြားမှ ကျိုးကျိုးကျဲကျဲ တိုးဝင်နေသော အလင်းရောင်သည် ပန်းဇာဖြူ့ မျက်နှာပေါ်တွင် ဖြတ်သွားသည်။ ခြေလှမ်းဟန်၊ လက်လွှဲဟန်၊ ကိုယ်ကိုလှုပ်ရှားဟန်တို့သည် ဖျတ်လတ်ကြည်လင်လျက်။ ပွင့်စပန်းကဲ့သို့ လှပစွာရှိသည်။ ထွက်စရွက်နုကဲ့သို့ ပျိုမျစ်စွာရှိလေသည်။

"ကျွန်တော်ဗျာ... အပိုပြောတာ မဟုတ်ပါဘူး။ ဒီရွာမှာနေရတာကို ဘယ်လို စိတ်ချမ်းသာမှန်းမသိဘူး။ ရွာသူရွာသား အားလုံးကိုလည်း ခင်တယ်၊ အထူးသဖြင့် တော့ မပန်းတို့ မိသားစု"

မိသားစုဟူသော စကားကို မထည့်လျှင် မကောင်း၍ သင့်လျော်အောင် ပြုပြင်ပြောရသည်ဟု ပန်းဇာဖြူ သိပေလိမ့်မည်။ ပန်းဇာဖြူ၏ မျက်နှာသည် နီမြန်းမြန်း

mgyoe.com

ဖြစ်သွားသည်။

"ဇာဖြူကလည်း ကိုအောင်သူတို့အုပ်စုကို ခင်တာပဲလေ"

အုပ်စုဟူသော အသုံးအနှုန်းဖြည့်ပြီး ပြောသည်ဟု နားလည်သည်။ မိန်းကလေးဟူသော ဘဝနှင့်သိက္ခာမှ အတတ်စွမ်းနိုင်ဆုံး စွန့်စားပြောရသောစကားကို နှလုံးသည်းပွတ်ဖြင့် ကြားသည်။ နားတွင်သာမက ကြည်နူးရသည်။

"မပန်းကို ကျွန်တော် ပိုပြီးခင်တယ်ဗျ"

ပြောပြီးပြီးချင်း လှည့်စောင်း၍ကြည့်သည်။ ပန်းဇာဖြူ၏အပြုံးသည် နေဝါရောင် အလင်းပျပျ လိမ်းကျံလျက် ရှိလေ၏။

"ဇာဖြူ့သဘောလည်း ကိုအောင်သူ သိပြီးသားပါ"

ရင်ထဲ၌ နွေးထွေးစွာ ခံစားရ၏။

"သိပါတယ်...ဘယ်အထိ ဘယ်လိုသိရမလဲသာ ကျွန်တော် မသိသေးတာပါ။ ကျွန်တော် ဘယ်လိုအထိ သိလိုက်ရတော့မလဲဟင်"

ရင်တွေခုန်လာသည်။ စိတ်တင်းကာ အားယူပြီး ပြောရသော်လည်း အသံတွေက တုန်တုန်ခါခါဖြစ်နေသည်။ ပန်းဇာဖြူက ခေါင်းငုံ့ငုံ့ထားပြီး လမ်းလျှောက်သည်။ မျက်လွှာချကာ ရှက်ပြုံးပြုံးသည်။ ဆယ့်လေးငါးလှမ်းမက ရောက်လာသည်။ ခြံဝိုင်းနှင့် မျက်စောင်းထိုးရှိ တောင်ကုန်းပေါ်က မြားဆိပ်ပင်ကြီးကို မြင်ရပေပြီ။

"မပန်း..."

"ရှင်..."

"ကျွန်တော်မေးတာကို မဖြေတော့ဘူးလား"

သူ့ကိုမကြည့်။

"ဘာကိုလဲ..."

"ခုနပြောတဲ့ ဘယ်လိုအထိ သိလိုက်ရတော့မလဲဆိုတာလေ"

ပန်းဇာဖြူ မဖြေ။ ခပ်ခွာခွာလျှောက်သည်ကို သူ သတိပြုမိသည်။

"မသိဘူး"

"ပြောတဲ့သူကိုယ်တိုင် မသိဘူးဆိုရင် ကျွန်တော် သိချင်သလို သိလိုက်ရတော့မလား။ ပြောလေ..."

"ဟင့်အင်း"

"ဘာကို ဟင့်အင်းတာလဲဟင်...မပန်း..."

mgyoe.com

mgyoe.com SAMPLE BOOK


"ကိုအောင်သူကလည်းနော်…ဘာတွေ လျှောက်မေးနေမှန်း မသိဘူး"

"ကျွန်တော့်ကို ခင်တယ်ဆိုတာနဲ့ပတ်သက်ပြီး မေးတဲ့ဥစ္စာပဲ"

ပန်းဇာဖြူ၏မျက်နှာ လှည့်လာသည်။

"ခင်တယ်လို့ ဇာဖြူ ပြောပြီးပြီပဲ"

"ဟုတ်ပါတယ်၊ ဘယ်လောက်ခင်သလဲလို့ ကျွန်တော် သိချင်လို့ မေးတာပါ"

"ကိုအောင်သူ ခင်သလောက် ခင်တယ်လေ၊ ဒီလောက်ဆို ကျေနပ်ရောပေါ့"

သူ ပြုံးသည်။ ပျော်ရွှင်သောမျက်နှာကို ပန်းဇာဖြူ မြင်သည်။ သူ ရယ်သည်။ "ဘာလို့ ရယ်တာလဲ" ဟု ပန်းဇာဖြူ မေးသည်။ "ပျော်လို့" ဟု သူဖြေ၏။

"သူကြီးကိုသာ သွားမတိုင်ဘူးဆိုရင် ကျွန်တော့် ရင်ထဲရှိသမျှ တစ်ခါတည်း ကျွန်တော် ပြောရဲပါတယ် မပန်းရယ်"

ပန်းဇာဖြူ ပြုံးသည်။

"မတိုင်မှာတော့ မပူနဲ့၊ သွားတိုင်ပစ်မှာပဲ"

နှစ်ယောက်သား ရယ်ကြသည်။ ပန်းဇာဖြူက ရယ်သံနှင့်ပင်…

"နေ့တွေ ရက်တွေ အများကြီးရှိသေးတာပဲ ကိုအောင်သူရယ်၊ စကား အပြောစောတာ မကောင်းပါဘူး။ ဟုတ်တယ် မဟုတ်လား…ဇာဖြူ ပြောစရာတွေ အများကြီး ရှိပါသေးတယ်။ ကိုအောင်သူ ပြောချင်တဲ့စကားကို ဇာဖြူ့ညည့်သည်အဖြစ် ကိုအောင်သူတို့အိမ် အလည်လာတော့မှ ပြောပေါ့၊ နော်…ကိုအောင်သူ"

မလွန်ဆန်ချင်။ ခေါင်းညိတ်ပြလိုက်သည်။ သူ့ကို ပန်းဇာဖြူ နားလည်ပြီဟု ဝမ်းသာသည်။ အချစ်သည် ရင်ထဲ၌ ငှက်ကဲ့သို့ ပျံသန်းနေသည်။ နှလုံးသွေးတို့သည် နွေးထွေးစွာ လည်ပတ်နေသည်။ ပန်းဇာဖြူကို မြတ်နိုးသူ၏အကြည့်ဖြင့် ကြည့်သည်။ တင့်တယ်လှပသော ခန္ဓာကိုယ်သည် ပျော့ပျောင်းသော မျဉ်းကောက်များ အသွင်ဖြင့် လှုပ်ရှားနေသည်။

"မပန်း…"

ပြည့်တင်းသော နှုတ်ခမ်းကို စေ့ထားသည်။ မျက်လွှာလှန်၍ ကြည့်သည်။ ဘာပြောမလို့လဲ၊ ပြောလေဟူသော မျက်လုံး။

"ကျွန်တော်တို့ အိမ်ကို အလည်လိုက်ဖို့ သိပ်မဝေးတော့ပါဘူးနော်…"

"သိပ်မဝေးတော့ပါဘူး၊ ခြံထောင့်ကို လှမ်းတောင်မြင်နေရပြီပဲ ကိုအောင်သူရယ်"

mgyoe.com

mgyoe.com SAMPLE BOOK


မမျှော်လင့်သော ပြက်လုံး။ သဘောကျ၍ ရယ်ရင်း မျက်လုံးက ခြံဘက်သို့ လှမ်းကြည့်သည်။ ခြံထဲမှ ထွက်သွားသူ၏ သဏ္ဌာန်။ ခြေလှမ်းယိုင်ယိုင်။

"ခြံထဲကထွက်သွားတာ ကိုသာညိုထင်တယ် မပန်း"

ပန်းဇာဖြူ၏ ခြေလှမ်းတွေ နှေးသွားသည်။ သူ လက်ညှိုးထိုးရာသို့ ကြည့်ပြီး ခေါင်းညိတ်ရင်း ...

"ဟုတ်တယ်...ဒေါ်ကြီးဆီ ဘာလာလုပ်သလဲ မသိဘူး"

သာညို ပုဆိုးတိုတို ဝတ်ထားသည်။ အင်္ကျီဗလာ။ လှမ်းတိုင်း ယိုင်သော ခြေလှမ်းဖြင့် အနောက်ဘက်သို့ လျှောက်သွားသည်။ အကယ်၍ အရှေ့ဘက်သို့သာ လာလျှင် မျက်နှာချင်းဆိုင် ဆုံမိပေတော့မည်။ ကောင်းကောင်းမွန်မွန်ဆိုလျှင် အကြောင်းမဟုတ်။ စကားနာယောင်ယောင်၊ ရိသဲ့သဲ့ယောင်ယောင် ဆိုကောင်း ဆိုလာလျှင် စိတ်ချုပ်ရ ခက်ချေမည်။ မူးနေသူနှင့် ရန်စကားဖက်ကာ ဖြစ်သည် အပြောခံရပေဦးမည်။ သာညိုကို မတုံ့ပြန်ရအခက် အတုံ့ပြန်ရ အခက်။

သာညိုသည် မိမိပါးစပ်မှ အရက်နံ့ကို သူတစ်ပါး သိစေပြီးနောက် အခွင့်ကောင်းယူချင်သော အမျိုးအစား။ မူးလို့ ပြောတာ ပြောပါစေလေဟူသော ခွင့်လွှတ်ခြင်းမျိုးကို တစ်ဖက်က ခံစားချင်သည်။ တစ်ဖက်ကမူ၊ "တွေ့လားကွ...ငါ ရိလွှတ်လိုက်တာ၊ ငါ ချဲလွှတ်လိုက်တာ၊ မြင်တယ် မဟုတ်လား" ဟု ပတ်ဝန်းကျင်တွင် တိတ်တဆိတ် ကြွားလုံးထုတ်ချင်သူ။

သူ့ ထိုအကျင့်ကို ဦးစိုးသိမ်းတို့၊ ဦးလွင်အောင်တို့က ပြောပြ၍ သိပြီးဖြစ်ခဲ့သည်။ ပန်းဇာဖြူနှင့် ပတ်သက်၍ မျက်နှာထား ရိုင်းရိုင်း၊ အပြောရိုင်းရိုင်း စိန်ခေါ်ခဲ့သည့်နောက် သာညို့အကြောင်းကို ပြောပြကြသည်။

"သူ့ဘဝက ဒီအတိုင်းသွားတော့မယ် ထင်ပါရဲ့"

ပန်းဇာဖြူ မဲ့ပြုံး ပြုံးသည်။

"ဘူးနွယ်လိုလူစား ဖြစ်နေပြီ။ ဖြောင့်လို့ မရတော့ဘူး။ ဖြောင့်ရင် ကျိုးသွားမှာပဲ။ သူလည်း တက္ကသိုလ်ကျောင်းမှာ နေခဲ့တဲ့သူပဲလေ။ သူ့စိတ်ကြောင့် သူ့မိဘတွေလည်း ဒုက္ခရောက်ပြီး သေကုန်ကြရတာပဲ။ မိဘပစ္စည်းကို တစ်ပြားမကျန် ဖြုန်းတီးပစ်လိုက်တာပဲ"

သာညို့အကြောင်းသည် ရွာတွင် ပြောစမှတ် ဖြစ်ခဲ့သည်။ ထိုအကြောင်းတွေကို မနှစ်ကပင် ကြားခဲ့ရလေသည်။ လွန်ခဲ့သည့် ခုနစ်နှစ်၊ ရှစ်နှစ်က အကြောင်းများ

mgyoe.com

mgyoe.com SAMPLE BOOK


ကို ဒဏ္ဍာရီသဖွယ် ကြားရသည်။

ထိုစဉ်က သာညိုသည် ၁၀ တန်းကျောင်းသား။ အလွန်ရိုးသည်၊ စာကြိုးစားသည်။ သူတစ်ပါး၏ ခင်မင်မှုများ ရခဲ့သည်ဟု ဦးလွင်အောင် ပြောပြဖူးသည်။ "ရုပ်က ခုလို မဲမဲသဲသဲ မဟုတ်ဘူး၊ အသားအရေ တော်တော့်ကို လတ်တာ၊ ခုလို ညစ်ညစ်ပတ်ပတ်နဲ့ ကစော်ရုပ် မဟုတ်ဘူးကွဲ့။ ရည်ရည်မွန်မွန်နဲ့၊ စာလည်း သိပ်တော်တာ။ မိဘတွေကလည်း သာညိုကို သိပ်ချစ်ကြတာ။ ချစ်လွန်းလို့ အိမ်ကနေ ဘယ်မှ မလွှတ်ဘူး။ မျက်စိအောက်မှာ ထားကြတာ။ ကျောင်းထားတာတောင် ရှစ်နှစ်၊ ကိုးနှစ်သားလောက်ကျမှ ထားကြတာ။ ဒါပေမဲ့... ဆယ်တန်းအောင်တဲ့အထိ နှစ်ချင်းပေါက်ချည်း။ သာညို့မိဘတွေကလည်း ချမ်းသာတာမှ နည်းနည်းနောနော မဟုတ်ဘူးကွဲ့ မောင်အောင်သူရဲ့။ သာညိုကို ပုသိမ်ကောလိပ်မှာတောင် မထားဘူး။ ရန်ကုန်တက္ကသိုလ်မှာကို သွားထားပေးတာ။ အဲဒီမှာ အပေါင်းအသင်းစုံပြီး ဒုက္ခရောက်တော့တာပဲ" ဟု မတင်ချစ်၏ အမေက ပြောပြသည်။

သာညိုတွင် မွေးချင်းနှစ်ယောက်ရှိသည်။ သူ့အထက်က အစ်မ။ လွန်ခဲ့သော ၁၀ နှစ်က အိမ်ထောင်ပြုကာ လွန်ခဲ့သည့် လေးငါးနှစ်က ဆုံးပါးသွားသည်ဟု သိရသည်။ သာညို၏မိဘသည် သားသမီးနှစ်ယောက်အနက် သမီးမရှိတော့၍ သားဖြစ်သူကို တိုး၍ချစ်ကာ ပို၍ အလိုလိုက်သည်ဟု ပြောပြကြသည်။

သာညို၏ မိဘသည် အုန်းကျွန်းပေါ်ရှိ ကျွန်းတစ်ဝက်မကသော အုန်းပင်ကို ပိုင်ဆိုင်သူများ၊ ငါးဖမ်းစက်လှေသုံးစင်းနှင့် ပုသိမ်တွင် ကြိတ်ခွဲစက် တစ်လုံးပိုင်သည်။ ထို့ကြောင့်၊ သားဖြစ်သူ တက္ကသိုလ်ကျောင်းသားကြီးအတွက် တစ်လ ၂၀၀၀၊ ၂၅၀၀ ပို့သည်။

သာညိုက ငွေမလောက်၍ မှာလျှင် မှာသလောက် ပို့ပေးသည်။ ပထမနှစ်ကို သာညိုအောင်သွားသည်။ ဒုတိယနှစ်တွင် သာညို ပျက်စီးလေတော့သည်။ "လောင်းကစား၊ အရက်သေစာနှင့် အပျော်အပါး။ အဲဒီနှစ် ကျောင်းအပြန်မှာ မြို့က မိန်းကလေး တစ်ယောက် နှစ်ယောက် အလည်လိုက်တာ မြင်မြင်နေရတယ်။ မိတ်ဆွေ အပေါင်းအသင်းဆိုပေမဲ့ နေတာ ထိုင်တာက ဟုတ်မှမဟုတ်ကြတာ။ ခပ်ပျက်ပျက်တွေပါ။ ဇာဖြူတို့အိမ်ကို နှစ်ခါလောက် အလည်ခေါ်လာသေးတယ်" ဟု ပန်းဇာဖြူ ပြောပြခဲ့ဖူးသည်။

"အဲဒီနှစ် စာမေးပွဲကျရော၊ အဲဒီတွင် ကိုသာညို့ သတင်းတွေကြားရတာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK


သူ့မအေကြီးက ဇာဖြူတို့ကို လာပြောပြတယ်။ ရပ်ဆွေရပ်မျိုးချင်း ဝိုင်းဆုံးမဖို့ပေါ့။ ပြောကြတာပဲ။ တစ်ရွာလုံး အာပေါက်မတတ် ပြောကြတာပဲ။ ကိုသာညိုက ပြောရင်၊ ဆုံးမရင် နားထောင်တယ်၊ ဟုတ်ကဲ့တွေချည်း၊ ကွယ်ရာကျတော့ ထင်သလိုနေတာပဲ၊ စာမေးပွဲတွေကျ ကျောင်းထွက်ရတဲ့ အဆင့်ရောက်ရော၊ မြို့မှာ သုံးဖြုန်းပျော်ပါးပြီး နေလာတဲ့သူက ဘယ်လာ ဒီရွာမှာ ပျော်နိုင်ပါ့မလဲ၊ သူ့ဆီက ကပ်စားချူချပြီး ဖျက်ဆီးပစ်တာ သူခံရတာပဲ ဆိုပါတော့။ သူ့အဖေက သူ့စိတ်နဲ့ပဲ အရင်ဆုံးပါးသွားတယ်၊ အဲဒီအချိန်မှာ ပုသိမ်ကစက်လည်း ရောင်းလိုက်ရပြီး အုန်းခြံလည်း ဖွဲ့ဖွဲ့ရောင်းလို့ ကုန်ပြီ။ စက်လှေတစ်စင်းနဲ့ ဆိပ်ကြီးမှာရှိတဲ့ အိမ်တစ်လုံး၊ တလခွာမှာရှိတဲ့ အိမ်တစ်လုံး၊ ဒီရွာမြောက်ပိုင်းက တိုက်ခံအိမ်တစ်လုံး ဒါပဲကျန်တော့တယ်။ အဲဒီအချိန်မှာ ဂျင်တွေ၊ ရှိုးတွေ သိပ်လုပ်လာတယ် ကြားရတယ်၊ ဘယ်သူမှ ပြောမရဘူး။ စက်လှေ ချင်းယှဉ်ကပ်ပြီး စက်လှေချင်းထပ်ပြီး လောင်းတာ၊ သူ့မအေကြီးလည်း သူ့ကြောင့် ဆုံးသွားရတာပဲ၊ အဘိုးကြီးနဲ့ အဘွားကြီးက တစ်နှစ်သာသာပဲ ခြားမယ်၊ နောက်ဆုံးကျန်တဲ့ ဒီရွာက တိုက်ခံအိမ်ကိုလည်း ပေါင်သလား၊ ရောင်းသလား မသိဘူး။ ဂျင်ထိုးပစ်တာ။ နေစရာမရှိတဲ့အဆင့်ရောက်ရော။ ခုနေတာ သူ့ဦးလေးဝမ်းကွဲရဲ့ ခြံထဲမှာ ဝါးတဲထိုးပြီးနေတာ။ ဦးလေးဖြစ်သူကလည်း ထိန်းတာပဲ၊ ရကိုမရတော့ဘူး။ မနက်လင်းရင် အရက်ဖိုးရှာသောက်၊ ဟိုရွာသည်ရွာ ဖဲဝိုင်းသတင်း၊ ဂျင်ဝိုင်းသတင်း နားစွင့်၊ ကြားရင် ဖဲကျွန်၊ ဂျင်ကျွန်ခံတဲ့ သဘောနဲ့ ဝိုင်းနားထိုင်၊ ဖဲကိုင်ပေးလိုက်၊ စားလိုက်သောက်လိုက်နဲ့။ မနှစ်က နိုင်တဲ့သူကပေးတဲ့ ငွေကိုးဆယ်၊ တစ်ရာနဲ့ ကစားတာ သုံးလေးသောင်း နိုင်လိုက်တယ်လို့၊ ကိုယ့်ဘဝ ကိုယ်ပြန်ပြီး ထူထောင်အောင် ဘေးဘီက ဝိုင်းပြောကြတာပဲ။ မရဘူး၊ ကုန်တာပါပဲ" ဟု ပန်းဇာဖြူ ပြောပြခဲ့သည်။

"ပုံပြင်ထဲက သူဌေးသားက စာမတတ် ပေမတတ်လို့ ကောင်သေလင်းတ ကျ၏တည်းတွေ ဘာတွေဖြစ်ရတာထားပါတော့ မပန်းရယ်၊ ကိုသာညိုက ပညာတတ် တစ်ယောက်ပဲ၊ ကျွန်တော် သူ့ဘဝကို နှမြောလိုက်တာ"

ပန်းဇာဖြူသည် သဲလမ်းအတိုင်း ယိုင်ထိုးထိုးလျှောက်သွားသူ သာညိုကို လှမ်းကြည့်နေ၏။

"ဘာတတ်နိုင်မှာလဲ ကိုအောင်သူရယ်၊ အသိခေါက်ခက် အဝင်နက်နေတဲ့ သူကို ဘယ်လိုလုပ် ဆုံးမလို့ ရမှာလဲ၊ ဒီလောက်.ဘဝနာခဲ့တာတောင်မှ သတိတရား မရတော့လည်း...ဟင်း..."

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ရပ်တည်း တစ်ရွာတည်းသား ဟူသော သံယောဇဉ်ကို ပန်းဇာဖြူ ထား ရှိသည်။

"ခု သူ ဘာအလုပ်မှ မလုပ်ဘူးလား"

"ဘာအလုပ်မှ မလုပ်ဘူး။ မိုးလယ်လောက်တုန်းက မြို့ပေါ်က ဖဲဝိုင်းမှာ မိလို့ ဆိုလား အဖမ်းခံရ၊ တရားစွဲခံရ ဖြစ်လိုက်သေးတယ်။ သူ့ဦးလေးက ဒဏ်ဝင်ဆောင် ပေးလို့၊ နို့မဟုတ်ရင် ထောင်ထဲရောက်သေးတယ်"

"အလုပ်တစ်ခုခုလုပ်၊ ဘဝကို မှန်မှန်ကန်ကန်ရပ်ပြီး ကောင်းသွားစေချင်တယ်"

"သူက မသိတာ ဘာမှမရှိဘူး၊ အုန်းခြံလည်း ဦးစီးမယ့်အလုပ်သာ လုပ်၊ ဘယ်သူကမဆို လက်ခံမှာပဲ၊ တစ်နေ့ သုံးလေးဆယ် ပြေးမလွတ်ပါဘူး။ ဘယ်အလုပ် မဆို ခဏကလေးနဲ့ နားလည်တယ်။ ဖြတ်ထိုးဉာဏ်လည်း ကောင်းတယ်၊ ဘာကိုမှ တစိုက်မတ်မတ် မလုပ်ချင်တော့တဲ့စိတ်က သူ့ကို ဖျက်ဆီးနေတာပဲ ကိုအောင်သူ။ ဖဲရိုက်ရင်ရိုက်၊ မရိုက်ရင် အရက်သောက်၊ ဒါမှမဟုတ် ဒူးလေးတစ်လက်နဲ့ တော လိုက်...ဒါပဲ"

စိတ်မောစွာဖြင့် သူ ခေါင်းညိတ်သည်။ လူတစ်ယောက်၏ ကြေကွဲဖွယ်ကောင်း သော ဘဝမျက်စိလည်မှုကို တပ်အပ်မြင်နေရသည်။ သာညို ဖြန်းတီးပစ်သော ပစ္စည်း ဥစ္စာတို့၏ ပမာဏကို စိတ်တွက်တွက်ကြည့်၏။ သိန်းပေါင်းများလှ၏။ မိဘ၏ခနေ ကို မလျော့ပါးအောင် ထိန်းသိမ်းခြင်း မရှိသူ၊ တိုးပွားအောင် မဆောင်ရွက်နိုင်သူပေ တကား။

သာညိုနှင့်စာလျှင် မိဘပစ္စည်းပေါ်တွင်ထိုင်ကာ မလျော့အောင် စားတတ်သူကို ပင် ချီးကျူးရမည်ကဲ့သို့ ရှိချေ၏။ ကျောင်းတက်နေစဉ်က အပေါင်းအသင်း သူငယ် ချင်းတွေထဲတွင် မိဘပစ္စည်းဖြင့် လက်မထောင်သူတွေကို တွေ့ဖူးသည်။ မိဘထံမှ ပိုက်ဆံ လက်ဖြန့်ကာ ကြွားကြွားပပ နေတတ်သူတွေကို မြင်ခဲ့ဖူးသည်။

ကျောင်းပြီးသွားပြီး အလုပ်တစ်ခုခု လုပ်မည် စိတ်ကူးစဉ် လူတွေနှင့် အလုပ်လုပ် ရမည့်နေရာတွေနှင့် ထိတွေ့လာသည်။ ထိုသူတွေထဲတွင် မိဘထားရစ်ခဲ့သော တိုက်တာ စက်ကိရိယာ ပစ္စည်းအဝဝကို မိမိအစွမ်းဖြင့် နေ့ချင်းညချင်း ဖန်တီးယူ သယောင်ယောင် အထင်ရှိသူတွေနှင့် ကြုံဖူးကြသည်။ ထိုသူတွေကို သူ အထင်မကြီး တတ်။ ကိုယ်စွမ်းကိုယ်စဖြင့် အပ်တစ်ချောင်း၊ အုတ်တစ်ချပ် ပိုင်ဆိုင်အောင် မကြိုးစား နိုင်သူများ၊ ဝင်ကစွပ်ကောင်များဟု သဘောထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သို့သော်၊ ပျောက်ကွယ် ဆုံးရှုံးအောင် ပြုတတ်သော သူမျိုးနှင့်နှိုင်းလျှင် တော်ပေသေး၏ဟု အောက်မေ့သည်။

"တစ်နေ့လောက်မှ ကိုသာညို့အကြောင်း ဇာဖြူ ပြောပြရဦးမယ်"

ခြံဝင်းထဲသို့ ဝင်လာတော့မှ ပန်းဇာဖြူ ပြောရင်း အိမ်လှေကားဘက်သို့ ကြည့်၏။ အသက် ၂၀ ခန့် လူငယ်တစ်ဦး။ မြင်ဖူးခဲ့သော်လည်း အမည်မမှတ်မိခဲ့။ ထိုသူငယ်က သူ့ကိုပြုံးသည်။ ပြန်လည်ပြုံးလိုက်သည်။ ပန်းဇာဖြူကို လှမ်းပြောသည်။

"မမဇာဖြူ မှာတာတွေ အကုန်ရတယ်။ ခုပဲလာပို့ပြီး ပြန်မလို့။ ပိုက်ဆံဆယ့်ငါးကျပ်ပိုလို့ ဒေါ်ကြီးကို ကျွန်တော် ပေးထားတယ်"

"ဘာလို့များ ပေးနေရတာလဲ ကျော်ထွေးမြရယ်၊ မုန့်စားပစ်လိုက်ရောပေါ့"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် မနေ့ကပြန်မလို့ဟာ၊ မြို့က အမျိုးတွေက ဆွဲထားတာနဲ့ တစ်ရက်နေလိုက်ရသေးတယ်"

"ရပါတယ်ဟာ၊ ကျေးဇူးပဲနော်"

ကျော်ထွေးမြဟူသော အမည်ကြားမှ သတိရတော့သည်။ ကျော်ထွေးမြက "ကိုစိန်ဝင်းတို့၊ ကိုသိန်းထွန်းသန်းတို့ကော နေထိုင်ကောင်းကြလား ဆရာလေး" ဟု မေး၏။ "နေထိုင်ကောင်းကြောင်း" သူဖြေသည်။ "ကိုစိန်တင်တို့ဆီ ကျွန်တော် စာထည့်သေးတယ်၊ စာမပြန်တာလား၊ စာမရလို့လား မသိဘူး" ဟု ပြော၏။ "စာရရင်တော့ စာမပြန်ဘဲ မနေပါဘူး" ဟု သူဖြေသည်။

ထိုအခါမှ စိန်တင်တို့နှင့် တတွဲတွဲနေသူဟု သတိရသည်။ "ဆရာလေးရောက်တာ ကျွန်တော် ကြားတယ်၊ လာဖို့က မြို့သွားတာနဲ့ ဆုံနေလို့ မရောက်တာ။ မမဇာဖြူက ပစ္စည်းလာမှာရင်း ပြောသွားတာ။ ဆရာလေး ဒီနေ့ရောက်၊ နောက်နေ့နေ့လယ် ကျွန်တော် မြို့သွားတာနဲ့မို့" ဟု ပြောသည်။ ပန်းဇာဖြူက "ထိုင်ဦးလေဟာ" ဟု ပြော၏။ "မထိုင်တော့ဘူး...အမေဝိုင်းတို့အိမ် သွားစရာရှိလို့၊ ပုသိမ်က သူ့အမျိုးတွေ ပစ္စည်းကြုံပါးလိုက်တာ သွားပေးရဦးမယ်" ဟု ပြောပြီး ပြန်သွားသည်။ အိမ်ပေါ်သို့ တက်မည်အပြုတွင် ဒေါ်ငွေက အိမ်ရှေ့သို့ ထွက်လာ၏။

"အိမ်နဲ့ပြီလား မောင်အောင်သူ"

ပြုံး၍မေးသည်။

"ဘယ်နှံ့ဦးမလဲ ဒေါ်ကြီးရာ"

"တစ်နပ်ကို တစ်အိမ်ပဲထား၊ နှစ်လလောက်နေမှ အိမ်စေ့မှာပဲ"

mgyoe.com

mgyoe.com SAMPLE.BOOK


"လိုက်မစားရင်လည်း စိတ်ဆိုးမှာဆိုတော့ စားရတာပေါ့။ ဒေါ်ကြီးလက်ရာကို ရောက်တဲ့ညနဲ့ နောက် မနက်စာပဲ စားရသေးတယ်။ ဒေါ်ကြီးလက်ရာက ပိုပြီး စားလို့ ကောင်းတာဗျ"

"ခုလည်း ထပ်စားလေ၊ ရေကြွက်ကို ငရုတ်စိမ်းနဲ့ ချက်ထားတယ်"

"ဘယ်စားနိုင်ဦးမလဲ ဒေါ်ကြီးရာ...ဗိုက်ကို တင်းနေတာပဲ"

အိမ်ပေါ်သို့ အရောက်တွင် –

"ရေနွေးကြမ်းမြည်းပေါ့၊ အဖန်ရည်နဲ့ လိုက်တယ်"

ဖယောင်းပုဆိုး အခင်းပေါ်တွင်ထိုင်ကာ တံခါးပေါင်ကို မှီသည်။ ဘုရားခန်း ရှေ့တွင် လိပ်ထားသော တစ်ယောက်အိပ် မွေ့ရာအသစ်၊ စက္ကူအိတ်ကြီးတွေနှင့် ထုပ်ထားသော အထုပ်တွေ။ ပန်းဇာဖြူက ထမင်းစား စားပွဲဝိုင်းအနီးတွင် ရပ်သည်။ ဖန်ခွက်နှစ်ခွက်ထဲသို့ လက်ဖက်ရည်ကြမ်း ငှဲ့ထည့်သည်။ နှစ်ခွက်စလုံးကိုကိုင်ကာ သူ့ထံသို့ လျှောက်လာ၏။

ညာလက်ထဲမှ ဖန်ခွက်ကို လှမ်းပေးသည်။ လှမ်းယူကာ တစ်ငုံငုံပြီး ခါးပန်း ပေါ်တွင် ဖန်ခွက်တင်သည်။ နွေးနွေးသာရှိသောကြောင့် ပန်းဇာဖြူက ရေသောက် သကဲ့သို့ တစ်ကျိုက်တည်း သောက်သည်။ ထို့နောက်–

"ကိုအောင်သူ ရေချိုးတော့လေ...ခုတောင် နည်းနည်းအေးချင့်နေပြီ၊ နေလုံး ပျောက်ရင် သိပ်အေးလာမယ်။ တော်ကြာ...နေထိုင်မကောင်း ဖြစ်နေမှဖြင့်..."

ဒေါ်ငွေ ရှိနေသေး၍ သူမပြောသေး။ နောက်ဆောင်တွင်းသို့ ဝင်သွားမှ...

"နေမကောင်းဖြစ်လည်း မပူပါဘူးဗျာ။ မပန်းရှိနေတာပဲ၊ ဆေးတိုက်ဖော်တော့ ရမှာပေါ့၊ မဟုတ်ဘူးလား"

"ဆေးတိုက်တာက နောက်၊ ဖျားမှာက အရင်"

"အလကားပြောတာပါ၊ ကျွန်တော် မဖျားပါဘူး။ မနာပါဘူး စိတ်ချ။ ကိုးဆယ့် ခြောက်ပါးရောဂါအားလုံး ကင်းစင်စေမယ့် ဩသဓဆေးက ကျွန်တော့်အနားမှာ ရပ်နေ တာပဲ၊ ဟုတ်တယ် မဟုတ်လား"

ပန်းဇာဖြူ ပြုံးသည်။

"ကဲပါ...နောက်မှပြော၊ ရေသွားချိုးတော့"

တံခါးပေါင်မှ ကျောကိုခွာသည်။ ရှပ်အင်္ကျီကြယ်သီးဖြုတ်ရင်း ထိုင်ရာမှ ထ၏။ အိမ်ရှေ့သို့ လှည့်ကြည့်သည်။ ထူထပ်သောသစ်ပင်တွေကြောင့် အလင်းရောင် မဖောက်

mgyoe.com

mgyoe.com SAMPLE BOOK


ဝင်သာ။ အမှိုက်သရိုက် ကင်းစင်သော ခြံတွင်း သဲမြေသည် သောင်၏ အသားကဲ့သို့ ရှိ၏။ သို့သော်၊ သောင်အစပ်ကဲ့သို့ကား လှိုင်းရာမှတွန့်။

ကောင်းကင် အလင်းသည့် ခြံဝင်းသဲမြေပေါ်သို့ သစ်ရိပ်လွတ်ရာမှ ကျလျက် ရှိ၏။ အိမ်ထဲသို့မူ အလင်းရောင် အားလျော့စွာ ဝင်နိုင်တော့သည်။ နေမှရသော အလင်းထက်လင်းသော အလင်းကို သူ လှည့်ကြည့်၏။ တစ်ချက်ပြုံးသည်။

"ဘာပြုံးတာလဲ..."

"ပျော်လို့..."

ရှက်ပြုံး၏ ရွှေအရောင် ငွေအရောင်ကို ကြည်နူးစွာ ခံစားရလေသည်။

*

မျက်နှာသုတ်ပဝါကို တန်းမှ လှမ်းယူသည်။ မျက်နှာမသုတ်မီ ရေမွှေးနံ့ရသည်။ မှတ်မိသည်။ ညီမဖြစ်သူ ဆွေလင်းမြင့် သုံးနေကျ ရှေ့နယ်ရေမွှေး။ မနက်ကသုတ်သော မျက်နှာသုတ်ပဝါ မဟုတ်မှန်း သတိထားမိသည်။ မနက်က အဝါရောင်၊ နှစ်တောင်ကျော်ကျော်သာရှိသော မျက်နှာသုတ်ပဝါ။ သည်မျက်နှာသုတ်ပဝါက တစ်လံကျော်သည်။ စိမ်းပြာနုနု။ မျက်နှာသုတ်ပြီး တန်းတွင် ပြန်လှန်းသည်။ ရေမွှေးရနံ့သည် ကိုယ်တွင် စွဲကျန်နေ၏။

စွပ်ကျယ်အင်္ကျီအသစ်လဲရန် အိပ်ခန်းဘက်သို့ သွားသည်။ "သူက ကြီးကျယ်လိုက်တာ၊ ညည့်ဥပုသ်ဥုပ်ဥပုသ်ဆိုရင်တောင်မလို့တဲ့၊ အရက်နဲ့ ညည့်ခံမလို့နဲ့ တူတယ်။ လာခေါ်ရင် လိုက်မသွားနဲ့လို့ ဇာဖြူ ပြောလိုက်မှာပဲ။ မုန်းချင်လည်းမုန်း၊ ပြဿနာ ရှာဦးမလို့နဲ့တူတယ်။ ဇာဖြူနဲ့လည်း သူ သမုတ်ခဲ့ပြီးပြီ။ အလကား" ဟူသော ပန်းဇာဖြူ၏ ဆတ်တတ်တတ် အသံကို ကြားသည်။ သူ့အတွက်ပေးထားသော အိပ်ခန်းထဲမှ ပန်းဇာဖြူ့အသံ။

"ဒီလိုလည်း ဘယ်ဟုတ်မလဲကွယ်။ သူ ကျွေးချင်လို့ ခေါ်တာဖြစ်မှာပါ။ ညည်းပါ လိုက်ချင် လိုက်သွားပေါ့" ဟု ဒေါ်ငွေက လေသံပျော့ပျော့ဖြင့် ပြောသည်။ "အို... မလိုက်ချင်ပါဘူး၊ ညည့်သည်ကိုလည်း မလွှတ်ဘူး" ဟု ပန်းဇာဖြူ ပြောသည်။ အခန်းဝသို့ သူ...ရောက်သွားသည်။

ဒေါ်ငွေက ထရံဘက်တွင် ရပ်နေ၏။ ပန်းဇာဖြူက မွေ့ရာပေါ်တွင် မွေ့ရာခင်း ခင်းနေသည်။ ခေါင်းအုံးစွပ်အသစ် စွပ်ထားသော ခေါင်းအုံးကို စောင်ခေါက်ပေါ်တွင် တင်ထား၏။ သူ့ကို လှည့်ကြည့်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


"စောင် လေးငါးထည် ထပ်ပေးပြီး မွေ့ရာ လုပ်ပေးထားရတာ မကောင်းလို့၊ မွေ့ရာနဲ့ဆိုတော့ ကျောမနာတော့ဘူးပေါ့"

ကျောက်ထွေးမြကို မှာလိုက်သော ပစ္စည်းတွေဟု သိလိုက်သည်။ အားနာစွာ၊ သူ ပြုံးသည်။

"အားနာစရာ မပန်းရယ်၊ စောင်လေးငါးထည် ထပ်ထားတာလည်း နည်းတဲ့ထုမှ မဟုတ်တာ။ တကူးတကန့်များ မှာရတယ်လို့ဗျာ..."

"ဇာဖြူက မင်း အိပ်ရတာကို ရောက်တဲ့နေ့ကစပြီး စိတ်မကောင်းဖြစ်နေတာ။ နောက်နေ့ မြို့သွားတဲ့လူကြုံနဲ့ မှာလိုက်ရတာကွဲ့။ ကျောက်ထွေးမြ အရောက် နောက်ကျလို့ မနေ့ကတည်းက ဒေါကန်နေတာ"

မွေ့ရာအသစ်၊ အိပ်ရာခင်းအသစ်၊ ဇာခြင်ထောင်အသစ်။ ခေါင်းရင်းဘက် လေးထောင့်ခုံပေါ်တွင် ပလတ်စတစ် ဇန်းဝိုင်းလေး။ ဇန်းထဲတွင် ယိုးဒယားလပ်ဆပ်ပြာ၊ ကိုးလ်ဂိတ် သွားတိုက်ဆေး၊ စက္ကူဘူးပင် မဖောက်ရသေး။ သူနှင့်အတူ ပါလာသော သွားတိုက်ဆေး၊ သွားပွတ်တံတွေကိုလည်း ထိုဇန်းထဲတွင် ထည့်ထား၏။ ပန်းဇာဖြူက ခုံပေါ်တွင် အထပ်လိုက် တင်ထားသော သူ့အင်္ကျီ လုံချည်တွေကြားရှိ စွပ်ကျယ်အင်္ကျီကို ယူကာ လှမ်းပေးသည်။ စွပ်ကျယ်အင်္ကျီကို မီးပူထိုးပေးထားသည်။ သူ့အဝတ်အစားတွေကို သူ အလျှော်မခံ။ ပန်းဇာဖြူ လျှော်ဖွပ်ကာ မီးပူ ခေါက်ရိုးကျ တိုက်ပေးသည်။ စွပ်ကျယ်မှ နှင်းဆီနက် ပေါင်ဒါနံ့ရသည်။

"ဘယ်လိုနေနေ ဘယ်လိုအိပ်အိပ် ကျွန်တော် ရပါတယ်ဗျာ၊ မပန်းကလည်းဗျာ..."

ကျောပေးကာ ကျုံ့ကျုံ့ထိုင်နေရင်း ခါးကိုနွဲ့ကာ သမင်လည်ပြန် ကြည့်သည်။

"ဘယ်ဟုတ်မလဲ ကိုအောင်သူရယ်...ကြမ်းပေါ်မှာ အိပ်ရတာတောင် ဇာဖြူ စိတ်မကောင်းဘူး၊ နောင်ဆိုရင် တစ်ယောက်အိပ်ခုတင်လေး ဝယ်ထားမယ်"

"လာလည်ရတာတောင် အားနာစရာကောင်းနေတာ၊ မတည်းဝံ့ မခိုဝံ့အောင် လုပ်နေတာနဲ့ တူနေပြီ"

"အို...ဘာဆိုင်လို့လဲ..."

သူ ဆက်မပြောတော့။ အိမ်ရှေ့သို့ ထွက်သွားသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

(၃)

ကျောက်ဆောင်အထိ လျှောက်သွားသည်။ နင်းတိုင်းအိသော သဲသောင်ပေါ်တွင် ခြေလှမ်းရသည်မှာ ခြေအရသာတွေ့သည်။ လှိုင်းတွေ အတက်အဆင်း ညင်သာနေသည်ကို ငေးကြည့်ကာ ကျောက်ဆောင်ဘေးတွင် ရပ်သည်။ နှစ်ရပ်စာမကမြင့်သော ကျောက်ဆောင်။ အချွန်အတက် အချိုင့်အခွက်တွေ၊ အစွယ်အတက်တွေ။ ရေမထိရသည်မှာ အတန်ကြာ၍ ကျောက်သား ထုံးရောင် ပေါ်လွင်နေသည်။ အတွန့်အရစ်တွေ ကြားတွင် ကမာခွံရောင် ပြိုးပြိုးပြက်ပြက် အစအနတွေ မြင်ရသည်။

မိုးကာလတွင် ရေသည် ကျောက်ဆောင်ကို လွှမ်းနေမည်ထင်သည်။ ကမ်းစပ်ဘက်သို့ သူကြည့်၏။ သူ့ခြေရာတွေကို တစ်ဝက်သာသာ အဝေးအထိသာ မြင်၏။ ပင်လယ်ဘက်သို့ လှမ်းကြည့်သည်။ ရေစပ်ရောက်အောင် ခြေလှမ်းပေါင်း လေးငါးရာခန့် လျှောက်ရမည်ထင်၏။ သိမ်မွေ့စွာ အတက်အဆင်းပြုနေသော ရေပြင်ပေါ်မှ ရှပ်ကာ အနောက်ဘက်သို့ ကြည့်သည်။

လှိုင်းမျက်နှာပြင် အတွန့်တွေပေါ်မှ နေရောင်လက်လက်ကို မြင်၏။ အနောက်မိုးကုပ်စက်ဝိုင်းသို့ အမြင်လွှတ်လိုက်သည်။ ဝေးဝေးမှုန်မှုန် မြင်ရသော ကျွန်းသုံးလေးကျွန်း၏ အလွန်တွင် ရေပြင်ပြာပြာ။ ကောင်းကင်ပြာနှင့် မည်သည့်နေရာတွင် ခြားသည်ဟု ခွဲ၍ မြင်ရန်ခက်သည်။ အမြင်၏ ဘယ်စွန်း ညာစွန်း နှစ်ဖက်သည် အလယ်သို့ ခုံးကာသွားသည် ထင်၏။

မိုးကောင်းကင်၏အမြင့်နှင့် အပြော ကျယ်သမျှကို အမြင်တဆုံ့ မြင်နေရလေသည်။ မျက်လုံးအစုံ၏ လွတ်လပ်မှုကို အပိတ်အကွယ် ကင်းမဲ့စွာ မြင်ရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သုံးလေးငါးလှမ်း လှမ်းလိုက်သည်။ လေကွယ်ရာမှ ကင်းသွား၍ ပင်လယ်လေက တိုးဝင်လာသည်။ တစ်ခါတစ်ရံ ဆားသင်းသော လေက လျော့သွားသည်။ ကုန်းတွင်းပိုင်းက လေသည် ကျောကိုလာထိ၏။

လေးငါးဆယ်လှမ်း လှမ်းပြီးနောက် သောင်ပြင်ပေါ်တွင် ထိုင်လိုက်သည်။ နွေးထွေးသောလေ၏ အတွေ့အထိကို သတိပြုမိသည်။ တောင်ဘက်သို့ ငေးသည်။ ကမ်းရိုးတန်းသည် အရှေ့သို့ ပြေပြေကွေ့သွားသည်။ ငရုတ်အော်ဘက်မှ ကျွန်းတွေကို အပြောက်အမည်းမျှ မြင်သည်။ ကျွန်းတို့၏ အနောက်နှင့် ဝဲယာဝန်းကျင်တွင် ရေပြင်။ သဲသောင်ကမ်းခြေသည် တိတ်ဆိတ်နေသည်။ လူသူအသွားအလာ မရှိ။

နားမျက်စိတို့ကို နှောင့်ယှက်ပိတ်ဆို့သောအရာ မရှိရာအရပ်။ ချမ်းမြေ့ငြိမ်သက်ခြင်း၏ ခံစားမှုကို ရလေသည်။ အိမ်ခြေတိုက်တာ အဆောက်အအုံတွေကြားတွင် အသက်ရှူ၍ မဝခဲ့သောဒဏ်တွေ ပြေပျောက်လာပေပြီ။ ငေးမျှော်နေစဉ် နားထဲ၌ ခေါင်းသံယောင်ယောင် ကြား၏။ လေတိုးရာနှင့်လွဲအောင် နားကိုလွှဲသည်။ ပန်းဇာဖြူ၏ ခေါ်သံ။

အသံလာရာသို့ လှမ်းကြည့်သည်။ လက်ကိုမြှောက်ကာ လှုပ်ယမ်းပြသည်။ ဖိနပ်ကိုချွတ်၍ ကိုင်ကာ ပြေးလာသည်။ လမ်းတစ်ဝက်လောက်တွင် ဘယ်သို့ ခပ်ဖွေဖွေ မျက်နှာမူသည်။ သူ့ခြေရာတွေဘေးမှ နင်းကာ ပြေးလာလေ၏။ ခြေရာ လေးခုသည် သဲပေါ်တွင် ယှဉ်လျက်၊ ကပ်လျက်၊ ထပ်လျက်။

"ရှာလိုက်ရတာ...ကျော်ထွေးမြတို့အိမ်ကိုတောင် ရောက်ခဲ့သေးတယ်။ ခင်မာကြည်နဲ့တွေ့တော့မှ သောင်ခြေဘက် ထွက်သွားတယ်ပြောလို့"

အနားသို့ ရောက်မှ မောသံဖြင့် ပြောသည်။ သူ ခေါင်းညိတ်သည်။

"လမ်းမှာ ခင်မာကြည်နဲ့ တွေ့ခဲ့တယ်"

"သူပြောလို့ပေါ့၊ နို့မဟုတ်ရင် ဘယ်အထိ လိုက်ရှာရမှန်း မသိတော့ဘူး"

"အုန်းရွေးတာလည်း မရွေးနဲ့၊ ခွာမယ်ဆိုလည်း မခွာနဲ့၊ ဘာမှမလုပ်နဲ့ဆိုတော့ ပျင်းပြီး ဒီဘက်ထွက်လာတာပေါ့"

"ဘာမှ မလုပ်စေချင်တာက ကိုအောင်သူ ပင်ပန်းမှာစိုးလို့"

ပန်းဇာဖြူက တစ်လံသာသာအကွာတွင် ခြေပစ်လက်ပစ် ထိုင်၏။ ပြေးလာရ၍ မောလာဟန်ရှိ၏။ နဖူးတွင် ချွေးစို့နေသည်။

"မပန်းရယ်...ဒီလောက်အလုပ်မှ ကျွန်တော် ပင်ပန်းရင်လည်း ဘယ်ဖြစ်ပါ့

mgyoe.com

mgyoe.com SAMPLE BOOK


မလဲ။ အိမ်မှာ အငြိမ့်သား ထိုင်စားရတာ ထမင်းမဝင်ဘူးဗျ"

ပြေးလာရသောကြောင့် အထုံးပြေသော ဆံပင်ကို လက်နှစ်ဖက်ဖြင့်သိမ်း၍ သပ်ရင်း...

"ထမင်းဖိုးကျေအောင် လုပ်အားပေးမယ်ဆိုတဲ့ သဘောပေါ့"

ပြန်မဖြေမိ အားပါးတရ ရယ်လိုက်သည်။

"ဒီသဘော မဟုတ်ပါဘူး မပန်းရာ...မပန်းဆီမှာ အလုပ်သင်သဘောပေါ့၊ ဒီသဘောပါ"

ပန်းဇာဖြူ ရယ်သည်။

"စကားပြောတာ သိပ်ပါးတာပဲနော်"

"ဒါတောင် အမေသင်တဲ့အတိုင်းပဲ ရှိသေးတယ်၊ ကိုယ်ပိုင်တီထွင်ထားတဲ့ စကားတွေ မပါသေးဘူး"

ရယ်သံက ပို၍ စည်လာ၏။

"ကိုအောင်သူ ရယ်စရာ တကယ်ပြောတဲ့သူပဲ"

"ဘဝက ဒီလိုပဲနေမှ ပျော်စရာကောင်းတာပေါ့"

"စိတ်ညစ်တဲ့မျက်နှာ အပြောအဆို ဆိုလို့ ကိုအောင်သူ့ဆီမှာ တစ်ခါမှ မတွေ့ဖူးဘူး၊ စိတ်ညစ်စရာ ဘဝတစ်လျှောက်မှာ ဘာမှမရှိဘူးလား ဟင်"

ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြန်ထုံးပြီး မေးသည်။ ပန်းဇာဖြူ၏ လည်တိုင် ဘယ်ဘက်ရှိ မွေးရာပါ အမှတ်နီလေးကို ကြည့်သည်။

"မိသားစု၊ ဆွေမျိုးကိစ္စ၊ စီးပွားရေးကိစ္စတွေနဲ့ ပတ်သက်လို့ စိတ်ညစ်စရာတွေ ကြုံဖူးတာပေါ့။ ကျွန်တော် တစ်ယောက်တည်းအနေနဲ့ကတော့ စိတ်ညစ်စရာရယ်လို့ မကြုံဖူးပါဘူး။ ဒါပေမဲ့...ဘဝအနိမ့်အမြင့်ကြောင့်ဖြစ်ဖြစ်၊ ဘာကြောင့်ဖြစ်ဖြစ် ကျွန်တော် စိတ်ညစ်မယ်မဟုတ်မှာ သေချာပါတယ်။ ထိုင်ပြီး စိတ်ညစ်မယ့်အစား ပြေးပြီး ရင်ဆိုင်ဖို့ပဲ ကျွန်တော် ဝါသနာပါတာကိုး။ အဲဒါကြောင့် စိတ်မညစ်တတ်တာ ဖြစ်ပါလိမ့်မယ်"

ခေါင်းတဆတ်ဆတ်ညိတ်ကာ ပင်လယ်ဘက်သို့ ကြည့်နေ၏။

"ည...ထမင်းစားပြီးရင် ဇာဖြူ ပြောပြချင်တာတွေ ရှိတယ်"

သူ့ဘက်သို့ မျက်နှာလှည့်သည်။ လေးနက်သော မျက်နှာထား။

"ပြောပေါ့။ ကျွန်တော် နားထောင်မယ်။ ခု...ပြောပါလား"

mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်းခါသည်။

"ညကျမှပဲ ပြောမယ်။ စိတ်ညစ်တတ်ရင် မပြောဘဲ နေမလို့"

"စိတ်မှ မညစ်တတ်တာ"

"ပြောလို့ပြီးရင် ထင်မြင်ချက်တော့ ပေးရမယ်"

"စိတ်ချ"

ပန်းဇာဖြူ ပြုံးသည်။ ပါးချိုင့်ထင်သွား၏။

"ကျွန်တော်နဲ့ ပတ်သက်လို့လား"

ခေါင်းခါကာ...

"ဟင့်အင်း...အင်းလေ၊ နောင်တော့ မပြောတတ်ဘူးပေါ့။ ခုပြောမယ့်စကား ကိုအောင်သူနဲ့ တိုက်ရိုက်မပတ်သက်သေးပါဘူး"

"သွယ်ဝိုက်ပတ်သက်တယ်လို့တော့ ယူဆနိုင်မယ်ပေါ့"

"ဆိုပါတော့လေ..."

မျက်နှာထားခက်သူ၏ အလှမျက်နှာကို သူ စေ့စေ့ကြည့်သည်။ ပန်းဇာဖြူ မျက်လုံးလွှဲသည်။

"ဇာဖြူ မေးရဦးမယ်၊ ခုမှသတိရလို့"

သောင်ပြင်တစ်လျှောက် ငေးကြည့်ရင်း မေးသည်။

"မေးပါ"

"ကိုယ်ရေးကိုယ်တာ မေးသလို ဖြစ်နေသလား မသိဘူး"

"ရပါတယ် မပန်းရယ်...မောင်နှမ အရင်းတွေလို ဖြစ်နေကြပြီပဲ။ မထိမ်မချန် ပြောစတမ်း၊ မေးစတမ်း၊ ဖြေစတမ်း...ဟုတ်လား"

"ကြိုက်သွားပြီ၊ ဒါဖြင့် မေးမယ်"

"မေး"

ခေတ္တမျှ ချင့်ချိန်နေ၏။ ထို့နောက်မှ –

"ကိုအောင်သူ့မှာ ချစ်သူရှိလား"

ချစ်သူဟုပြောသည်။ ယဲဇား ဟု အသံထွက်သော ရည်းစားဝေါဟာရကို မသုံး။ ပန်းဇာဖြူသည် မည်သည့်အဓိပ္ပာယ်ဖြင့် ထိုအမေးကို ယခုမှမေးသည် မသိ။

"ဘယ်လိုမှတော့ မအောက်မေ့နဲ့နော် မပန်း၊ ဘာလို့မေးတာလဲဟင်"

"စပ်စုတာလေ"

mgyoe.com

mgyoe.com
SAMPLE BOOK


မထင်မှတ်သောအဖြေကြောင့် သူ ကြောင်သွား၏။ ပြီးမှ ရယ်လေသည်။ သူ ရယ်နေစဉ်...

"ဟုတ်တယ်လေ၊ စပ်စုတာကို စပ်စုတယ်ပဲ ပြောရမှာပေါ့၊ ဖြေလေ..."

"ရှိဖို့ကြံတာ မနှစ်ကမှပါ၊ ဘာဖြစ်လို့လဲ"

"စပ်စုတာ သိချင်လို့ပေါ့ရှင့်"

"နေဦး၊ ကျွန်တော်ကကော ပြန်ပြီး စပ်စုခွင့် ရှိသလား"

"ရှိတော့ရှိတယ်၊ မနက်ဖြန် မနက်ကျမှ မေးခွင့်ရှိတယ်"

ပြုံးရယ်စွာပြောသော်လည်း အသံခွန်အား မပြည့်ဝဟု အောက်မေ့၏။

"ကောင်းပြီလေ၊ မနက်ဖြန် မနက်ကျမှပဲ ကျွန်တော် စပ်စုမယ်။ ဒါပေမဲ့...အခု နည်းနည်းလောက် စရန်သတ်တဲ့အနေနဲ့ကော"

ပန်းဇာဖြူ ထိုင်ရာမှထသည်။ သူ့ဖိနပ်ကိုပါ ရှာ၍ ကောက်သည်။ သူ လှမ်းယူသည်။ ပန်းဇာဖြူ ခေါင်းခါသည်။ "သွားရအောင်၊ နေက တော်တော်မြင့်နေပြီ။ အပူလျှော့ပြီး ကိုအောင်သူ နေထိုင်မကောင်းဖြစ်မှာ စိုးရတယ်" ဟု ပြော၏။ သူ မတ်တတ်ရပ်လိုက်သည်။ ကမ်းဘက်သို့ မျက်နှာမူသည်။ စောစောက ထင်နေသော ခြေရာတွေ၏ လက်ဝဲဘက်တွင် ပန်းဇာဖြူ ကပ်၍လျှောက်၏။ သူက လက်ယာဘက်။

ကျောက်ဆောင်မှအလွန်တွင် သာညိုကို မမျှော်လင့်စွာ တွေ့ရသည်။ သူ အံ့အားသင့်သွား၏။ ပန်းဇာဖြူက မျက်လုံးဝိုင်းသွားသည်။ နီမြန်းမြန်းမျက်နှာကို တင်းသည်။ သာညိုက ဝါးတစ်ရိုက်အကွာတွင် ခြေစုံရပ်ကာ သူတို့ကိုကြည့်သည်။ ခြေရာတွေကို စေ့စေ့စပ်စပ်ကြည့်သည်။

ထို့နောက် ပန်းဇာဖြူကို လှမ်းကြည့်၏။ သူ့ခြေရာနှင့် ပန်းဇာဖြူ့ ခြေရာတွေ ကပ်နေ ထပ်နေသောနေရာကို ငုံ့ကြည့်သည်။ သူ့ကိုကြည့်ပြီး တစ်ချက်ပြုံး၏။ နှစ်ယောက်အတူလာသည်။ ပခုံးချင်းဖက်ကာ၊ လက်ချင်းတွဲကာ အတူလျှောက်သွားသောအခါ ထင်သည့်ခြေရာမျိုး။ ထိုသို့ပင် အထင်ရှိသွားပြီဟု သူ တွက်မိသည်။ သူ့နည်းတူ ပန်းဇာဖြူ သဘောပေါက်သွားပုံရ၏။

သူတို့ ရပ်နေရာသို့ လျှောက်လာရင်း...

"ကိုအောင်သူ ဒီဘက်လာတယ်ဆိုလို့ ကျွန်တော် လိုက်လာတာ။ တစ်ယောက်တည်း ထင်လို့ဗျာ၊ ဆောရီးပဲ တောင်းပန်ပါတယ် ကိုအောင်သူ"

စကားအဆုံး၌ ပန်းဇာဖြူ့ လက်ထဲရှိ ဖိနပ်နှစ်ရန်ကို အကဲခတ်ကြည့်သည့်

mgyoe.com

mgyoe.com SAMPLE BOOK


အကြည့်ဖြင့် ကြည့်လေ၏။ ရှင်းပြလျှင် ပို၍ ရှုပ်မည်။ ကိုယ့်စကားကို သူ့စကားက လာ၍ငြိစရာ စကားတွေ ရကောင်းရသွားမည်။ ထို့ကြောင့်–

"ကိစ္စမရှိပါဘူး၊ ရပါတယ်"

ပန်းဇာဖြူက သူ့အပြောကြောင့် သူ့ကို ဆတ်ခနဲ လှည့်ကြည့်သည်။ သာညို မျက်နှာပျက်သွားသည်။

"တခြားမဟုတ်ပါဘူး၊ မနက်ဖြန်မနက် ကျွန်တော့်ဆီမှာ မနက်စာ စားပါ"

သူ မည်သို့ဖြေရမည်မသိ ဖြစ်သွား၏။

"ပန်းဇာဖြူ..."

ပန်းဇာဖြူက မျက်နှာလွှဲလွှဲနေရာမှ သာညိုကို ကြည့်၏။ လက်တစ်ကမ်း အရောက်တွင် –

"ပန်းဇာဖြူ ဧည့်သည်ကို မနက်ဖြန် မနက်စာစားဖို့ ကျုပ်အိမ်ကို ပို့ပေးပါ။ ပန်းဇာဖြူလည်း စားပါ။ ကျုပ် ဖိတ်ပါတယ်"

သာညိုသည် အရက်သောက်ထားပုံမရ။ အရက်ချွေးနံ့ကိုကား ရသည်။ မျက်နှာသည် အစ်တစ်တစ် အမ်းတမ်းတမ်း ဖြစ်နေ၏။ ဆံပင်ကို သပ်ရပ်စွာ ဖြီးထားသည်။ ဘရိုင်ကရင်းမ် ခေါင်းလိမ်းဆီနံ့ကို သတိပြုမိ၏။ ဂျင်းလက်ရှည်ကို လက်ခေါက်ကာ ဝတ်ထားသည်။ အစိမ်းခံတွင် အဖြူနှင့် ရွှေဝါရောင် အလျားစင်း အနံစင်း ဖော်ထားသော ခရုပလေကတ် လုံချည်ကို အကျအန ဝတ်ထား၏။ နိုင်ငံခြားဖြစ် ခုံထူသားရေဖိနပ် ချောကလက်ရောင်ကို စီးထား၏။

"မနက်ဖြန် မနက်စာကို ဦးလွင်အောင်တို့အိမ်က ကိုအောင်သူကို ဖိတ်ထားတယ် ကိုသာညို"

နှုတ်ခမ်းပါးအောင် တင်းတင်းစေ့သည်။ နှုတ်ခမ်းသည် ပို၍ ပါးသွား၏။ ထို့နောက် ပြုံးသည်။ လက်နှစ်ဖက်ကို နောက်ပြန်ချိတ်ကာ–

"ခု ဒီကအပြန် ဦးလွင်အောင်ကို ရက်ရွှေ့ပေးဖို့ ကျုပ်သွားတောင်းပန်ပါ့မယ်။ ကျုပ်က မနက်ဖြန်ည ခရီးထွက်စရာရှိလို့၊ ခရီးထွက်ရမှာလည်း အတော်ကြာမယ်လေ။ ဒါကြောင့်ပါ ပန်းဇာဖြူ"

သူ့ကို ကြည့်သည်။ သူပြောရမည့်စကား စဉ်းစားနေရ၏။ ထိုစဉ်...

"မနှစ်က ကိုအောင်သူတို့ ဒီရွာကို စာတတ်မြောက်ရေး လာလုပ်အားပေးတုန်းက ကျွန်တော်နဲ့ ကဘောက်ကဆတ်ဖြစ်ခဲ့တာကိုလည်း အမှတ်မထားပါနဲ့ ကိုအောင်သူ၊

mgyoe.com

mgyoe.com SAMPLE BOOK


ဒါကိုလည်း ခုပဲ တောင်းပန်ပါတယ်"

သာညို ပြုံးသည်။ သူ့ထံသို့သာ ကြည့်နေသည်။

"ကျွန်တော် သတိတောင် မရတော့ပါဘူး ကိုသာညို၊ ခင်ဗျားပြောမှပဲ အဲဒါ သတိရတော့တယ်။ ဒါ အသေးအမွှားတွေပါဗျာ"

ခေါင်းညိတ်သည်။ သာညို၏မျက်နှာသည် အငြိုးအတေး မရှိသူ၏ မျက်နှာ။

"အဲဒီတုန်းက ကိုအောင်သူကို အုံနဲ့ကျင်းနဲ့မို့ နေနှင့်ဦးဆိုတဲ့ စကားတို့၊ တစ်ယောက်တည်း သတ်သတ်လာခဲ့တို့ ဘာတို့ ကျွန်တော် ပြောမိခဲ့တာလည်း အမှတ်မထားပါနဲ့"

"ကိုသာညို အဲသလို မပြောပါဘူးဗျ"

တစ်ဖက်သား စိတ်သက်သာရအောင် ပြောသည်ဟု ပန်းဇာဖြူ နားလည်သည်။ သာညိုက ဟက်ဟက်ပက်ပက် ရယ်သည်။ ရယ်သံက အက်နေ၏။

"ခင်ဗျားက ကျွန်တော်ထင်တာထက် ပိုပြီး တော်တဲ့လူပဲ၊ ပြောမှားဆိုမှား ဖြစ်ခဲ့တဲ့သူကို မျက်နှာအပူ သက်သာအောင် ပြောတတ်တာပဲဗျာ"

ကိုယ်ကို ကိုင်းကိုင်းထားပြီး ခါးကို ဘယ်ညာနွဲ့သည်။ ခြေမရွှေ့။ ခပ်ငိုက်ငိုက် ဦးခေါင်းကို မော့ပြီး သူ့ကိုကြည့်၏။

"ဒီတော့...ဦးလွင်အောင့်အိမ်မှာ နောက်နေ့မှ သွားစားပါဗျာ။ ရန်ပြေမာန်ပြေ တောင်းပန်ရာကျတဲ့ ကျွန်တော့်အိမ်က မနက်စာကို ကိုအောင်သူ လာစားစေချင်တယ်ဗျာ"

သူ အဖြေမပေးရသေးမီ ပန်းဇာဖြူက –

"ဟိုအိမ်က စိတ်မကောင်းဖြစ်သွားမယ် ကိုသာညို...နောက်ရက်တွေ ရှိပါသေးတယ်"

သာညို ပြုံးသည်။

"ကျုပ် ခရီးထွက်မှာ နှစ်လ သုံးလ ကြာလိမ့်မယ်၊ ဒါ့ကြောင့်ပါ။ ဒီလို ကိုအောင်သူရေ့... ရွာမှာ ကျုပ်မရှိရင် စိတ်ချမ်းသာတဲ့သူတွေ စိတ်ချမ်းသာအောင် ခရီးသွားသွား ပေးရတယ်"

ထိုစကားသည် ပန်းဇာဖြူနှင့် ငြိသွားသည်ဟု သူလည်း သိသည်။ ပန်းဇာဖြူက နှုတ်ခမ်းစေ့သည်။ ရွာဘက်သို့ကြည့်ကာ မျက်နှာလွှဲလိုက်သည်။

"ဦးလွင်အောင်တို့ကိုလည်း ကျွန်တော် အားနာတယ် ကိုသာညို"

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော် သွားပြောပါ့မယ်၊ သူ သဘောတူမှာပါ၊ ကိုအောင်သူ မနက်ကိုးနာရီ လာရင် ထမင်းဟင်း အဆင်သင့်ပါပဲ။ ကဲ...ကျွန်တော် အခုပဲ ဦးလွင်အောင်ဆီ သွားပြီး အကျိုးအကြောင်း ပြောလိုက်ပါ့မယ်။ ဦးလွင်အောင် လက်မခံရင် ညကျအိမ်ဘက်လျှောက်လာပြီး ကျွန်တော် ပြောမယ်လေ။ ကျွန်တော် မလာရင် ဦးလွင်အောင် လက်ခံလို့ပဲမှတ်ပြီး မနက်ကျရင်သာ ထမင်းစား လာပါဗျာ၊ ပန်းဇာဖြူလည်း လိုက်လာဖို့ ကျုပ် ဖိတ်ပါတယ်"

စကားအဆုံးတွင် ချာခနဲလှည့်ကာ ခြေလှမ်းကျဲများဖြင့် ထွက်သွားသည်။ သာညို၏ကျောကို သူ လှမ်းကြည့်သည်။ ပန်းဇာဖြူက ဖြည်းဖြည်းလျှောက်သည်။ မျက်မှောင်ကြုတ်ထားသယောင် ရှိ၏။ သောင်ပြင်ကို သာညို လွန်သွားတော့မှ–

"လိုက်မစားဘူးလို့ ငြင်းလိုက်ဖို့ ကောင်းတယ်"

"ကျွန်တော် ရပ်ရွာရဲ့ဓလေ့ကို ပို့ပြီး အလေးပေးစဉ်းစားလိုက်လို့ မငြင်းလိုက်တာပါ"

"မနှစ်က သူ့စကားတွေ သူပြန်ပြောတာ မှတ်မိလို့ စိတ်ရောကိုယ်ပါ တောင်းပန်ချင်လို့ ပြန်နှုးတယ်လို့ ဇာဖြူ မထင်ဘူး။ မှတ်မိတယ်မဟုတ်လား ဆိုတဲ့ သဘောနဲ့ ပြန်ပြောတယ် ထင်တာပဲ"

သူ့နည်းတူ အတွေးရနေ၍ အံ့သြသွားကြောင်း သူ ပြောလိုက်သည်။ သာညိုကို ကြည့်သည်။ ကမ်းခြေ ကုန်းမြင့်ပေါ်သို့ ရောက်နေ၏။

"ရန်ပြေ မာန်ပြေ ထမင်းပွဲဆိုတော့ ကျွန်တော် လိုက်မစားရင် မကောင်းတာလည်း တစ်ကြောင်းမို့လို့ပါ"

သူနှင့် တစ်သဘောတည်း ဖြစ်ကြောင်း ထိုစကားကို ပတ်သက်၍ ပန်းဇာဖြူ ပြော၏။ ကုန်းမြင့်ပေါ်သို့ သူတို့အရောက်တွင် သာညိုသည် အုန်းပင်တွေကြားမှ ဖြတ်ကာ ရွာတွင်းသို့ ခပ်သုတ်သုတ်လျှောက်နေ၏။

"မပန်း လိုက်မှာလား"

"မလိုက်လို့ ဘယ်ဖြစ်မလဲ၊ စိတ်မချဘူးလေ"

အုန်းရွက်ခတ်သံတွေ ဖျပ်ဖျပ်မြည်သံ ကြားရလေသည်။

❑

mgyoe.com SAMPLE BOOK

(၄)

ခေါင်းအုံးအောက်ရှိ လက်ပတ်နာရီကို ယူကြည့်သည်။ ၁၁ နာရီခွဲပြီးပေပြီ။ နာရီကို ပြန်ထားပြီး လှဲသည်။ ခြင်ထောင်ချကာ စောင်ခြုံသည်။ အိပ်ခန်းအပြင်မှ မှန်အိမ်အလင်းရောင်သည် အခန်းတံခါးမှ ဝင်နေ၏။ ပန်းဇာဖြူသည် အိပ်မော ကျကောင်း ကျနေပေလိမ့်မည်။ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကြောင့် နားတွင် ဟာနေသကဲ့သို့ဖြစ်နေသည်။ ပန်းဇာဖြူ၏ စကားတွေ နားထဲမှာ ဆတ်ဆတ် ကြားနေ ရသည်ဟုပင် ထင်၏။

ယခုထက် ၁၀ နှစ်ငယ်သော ၁၄ နှစ်အရွယ်ကို မြင်ကြည့်သည်။ ရှစ်တန်း ကျောင်းသူ။ သာညိုသည် သူနှင့် တစ်ခန်းတည်း၊ တစ်တန်းတည်း ကျောင်းသား။ သာညို၏ မိဘသည် ပန်းဇာဖြူ၏ အုပ်ထိန်းသူ ဦးကြီး ဦးစံအေးတို့နှင့် ဆွေမျိုးပမာ ရင်းချာသူတွေ။ ကိုးတန်းရောက်သည့်နှစ်တွင် ပန်းဇာဖြူ ကျောင်းမှ ထွက်သည်။ ထိုနှစ်တွင် ပန်းဇာဖြူ၏ ဖခင်သည် မမာမကျန်းဖြစ်သည်။ လေးငါးလအကြာတွင် ကွယ်လွန်သွားသည်။ ပန်းဇာဖြူ ကျောင်းဆက်မတက်ဖြစ်တော့။

နောက်နှစ်၊ သာညို ၁၀ တန်းရောက်ချိန်တွင် သာညို၏ မိဘများက သာညို နှင့် ပန်းဇာဖြူကို တစ်ချိန်တွင် လက်ထပ်ပေးရန် စကားဆိုကြသည်။ ဦးကြီးတို့က ပန်းဇာဖြူ၏ သဘောကို မေး၏။ လူကြီးတွေသဘောဟု ပန်းဇာဖြူ ပြော၍ လူကြီးချင်း စကားပြုခဲ့ကြသည်။ သာညိုနှင့် ပန်းဇာဖြူတို့သည် တစ်ချိန်တွင် လက်ထပ်ရမည့်သူ နှစ်ဦးဟု ရွာက သိကြသည်။ သာညိုနှင့် ပန်းဇာဖြူ၏ ဆက်ဆံရေးသည် ပုံမှန်အတိုင်း ပင် ရှိကြသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

တစ်အိမ့်တစ်အိမ် အသွားအလာရှိကြသည်။ ချစ်စကား ကြိုက်စကား တစ်ယောက်နှင့်တစ်ယောက် မပြောခဲ့ကြဟု ပန်းဇာဖြူ ပြောပြသည်။ အငြိမ့်၊ ဇာတ်ပွဲကို သာညို၏ မိသားစုနှင့်အတူ လေးငါးခါ ကြည့်ဖူးသည်။ ပုသိမ်ဘုရားပွဲသို့ တစ်နှစ် တစ်ခေါက်ရောက်သည်။ ရန်ကုန်သို့ နှစ်ခေါက်၊ သုံးခေါက် ရောက်ခဲ့သည်။ သာညို နှင့် နှစ်ယောက်တည်းမဟုတ်ဟု ပြောသည်။ ..

သာညို တက္ကသိုလ်ရောက်သည့်နှစ်က သာညို့ မိဘတွေက "ဘွဲ့ရပြီးရင် ညည်းတို့ လက်ထပ်ကြ" ဟု ပြောသည်။ ထိုနှစ် ကျောင်းပိတ်၍ သာညို ပြန်လာ သောအခါ အပြောင်းအလဲတွေကို ပန်းဇာဖြူ အကဲခတ်မိသည်။ သာညိုသည် လုံချည် ဝတ်သည် မရှိတော့။ လေးငါးရာတန် ဘောင်းဘီထည်လဲနှင့် ဖြစ်လာသည်။ မြို့ ဝန်းကျင်၊ မြို့နေသူတို့၏ ဆက်ဆံရေးတွင် သာညို မွေ့လျော်သွားပြီဟု ထင်သည်။ ကျောင်းပိတ်၍ လာနေသော တစ်လခွဲအတွင်း ပန်းဇာဖြူတို့အိမ်သို့ တစ်ခေါက်သာ ရောက်သည်။ နေထိုင်ကောင်းလား၊ ဘာလား တစ်ခွန်း နှစ်ခွန်းပြောပြီး ပြန်သွားသည်။

နောက်နှစ် သီတင်းကျွတ် ကျောင်းပိတ်ရက်များတွင် မြို့က ယောကျ်ားလေး သူငယ်ချင်း၊ မိန်းကလေး သူငယ်ချင်းတချို့ကို ရွာသို့ခေါ်လာသည်။ ရွာနီးချုပ်စပ် လည်ကြပြုကြ စားကြသောက်ကြ သတင်းတွေ ကြားသည်။ ဘောမိကို သွားလည် ကြသတဲ့။ ဆင်မကို သွားလည်ကြသတဲ့။ ဆိပ်ကြီးဘက် ပျော်ပွဲစား ထွက်သွားသတဲ့။ သတင်းတွေသာ ကြားရ၏။ သာညိုကို မြင်ပင်မမြင်ရ။ ဒေါ်ကြီးက "အိမ်လာလည်ဦး" ဟု သုံးလေးခါ မှာသည်။ သူကိုယ်တိုင် နှစ်ခါ၊ သုံးခါမက ခင်မာကြည်တို့နှင့် မှာသည်။ မလာ။

မြို့မှ ဧည့်သည်တွေအတွက် ထမင်းဟင်း စားဖွယ်သောက်ဖွယ်ကို မတင်ချစ်မှ တစ်ဆင့်သာ ပို့ပေးသည်။ မော်တင်စွန်းဘက်ကလှည့်ပြီး ရန်ကုန်ပြန်မယ်ဆိုပဲ။ သူတို့ စက်လှေနဲ့သွားကြမှာတဲ့ ဟူသော သတင်းကြားရ၏။ အင်းလေ...တက္ကသိုလ် ကျောင်းသား ဖြစ်သွားပြီကိုး၊ မြို့သူ တက္ကသိုလ်ကျောင်းသူတွေနဲ့ယှဉ်ရင် ငါက ကျေးတောသူပဲဟု ပန်းဇာဖြူ ဝမ်းနည်းသည်။ ထိုနှစ်တွင် စာမေးပွဲကျသည်ဟု သိရ၏။

သတင်းဆိုးများက တစ်ဆင့်ကြားအနေမှ သာညို့မိခင်နှုတ်က ပြောပြသော အဆင့်။ အရက်သေစာ၊ လောင်းကစား၊ မိန်းမ။ သာညို ပျက်စီးပြီဟု နားလည်လိုက် သည်။ ပန်းဇာဖြူနှင့်ရွယ်တူ။ ပန်းဇာဖြူထက် ငယ်သော ကျောင်းသူဟုဆိုသော

mgyoe.com

mgyoe.com SAMPLE BOOK

မိန်းကလေးတွေ ရှာသို့ ပါ,ပါလာသည်။ "ကျောင်းသူလည်း မဟုတ်ပါဘူးအေ၊ ပျက်နေတာတွေပါ" ဟု သာညို့မိခင် ပြောပြသည်။ "ဘယ်ကားထဲမှာမှ မပါတဲ့ ရုပ်ရှင်မင်းသမီး ပြောလို ပြောတဲ့ဟာတွေလည်း ခေါ်, ခေါ်လာတယ်" ဟု သာညို၏မိခင်က စိတ်ရှုပ်စွာ ပြောသည်။ "ပုသိမ်ကစက် ရောင်းလိုက်ရပြီ၊ တိုက်ရောင်းလိုက်ရပြီ၊ စက်လှေတစ်စီးလည်းရောင်းလိုက်ရပြီ၊ သာညို စာမေးပွဲကျပြန်ပြီ။ ရှာလိုက်လိုက်လာတဲ့ ကောင်မလေးရဲ့ ယောကျ်ားက တရားစွဲမယ်၊ ဘာလုပ်မယ်လုပ်လို့ ငွေငါးသောင်း လျော်ပေးလိုက်ရသတဲ့။ ဖအေကြီးလည်း သာညို ဖြုန်းတီးလို့ အိပ်ရာပေါ်လဲနေပြီ၊ စက်လှေတစ်စီးနဲ့ ခုနေတဲ့အိမ်ပဲ ကျန်တော့တယ်တဲ့။ သာညို ကျောင်းက ဆက်နေခွင့် မရလို့ ထွက်လိုက်ရပြီတဲ့။ ဂျင်ဝိုင်းမှာ တစ်ထိုင်တည်း ရှုံးလိုက်တာ ရှစ်သောင်းဆိုလား၊ ကိုးသောင်းဆိုလားတဲ့။ မင်္ဂလာကင်းမဲ့သော သတင်းများ ဆက်တိုက်ကြားရသည်။ "ကဲ... မယ်ငွေရေ့... မြန်မြန် အိမ်ထောင်ချပေးမှပဲ" ဟူသောစကား သာညို၏မိခင်က လာပြောသည်။ ဒေါ်ကြီးတို့ ခေါင်းညိတ်သည်။ "အထိုန်းအကွပ်မရှိရင် ခုထက် ပိုဆိုးမယ်" ဟု ဦးကြီးက ပြောသည်။ သာညိုက "ကျုပ် ပန်းဇာဖြူကို မယူနိုင်ဘူး၊ ကျုပ်မှာ ရည်းစားရှိပြီးသား" ဟု ခါးခါးသီးသီး ပြောကာ ငြင်းသည်။

သာညို၏ ဆွေမျိုးလူကြီးတွေက ဖျောင်းဖျစကားပြောသည်။ သာညို ခေါင်းမညိတ်။ ဦးကြီးနှင့် ဒေါ်ကြီးတို့က ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်သွားကြသည်။ သူတို့နှစ်ဦး၏ ကိစ္စသည် ထိုတွင်ပင် ပြီးဆုံးသွားခဲ့သည်။ နှစ်လ၊ သုံးလအကြာတွင် အုန်းခြံထဲသို့ သာညိုလာသည်။ သူ ငြင်းခဲ့သည့်ကိစ္စမှာ သူ့တွင် ရည်းစားရှိနေ၍ မဟုတ်ကြောင်း၊ လူကြီးတွေ စကားပြတ်သွားအောင် တမင်ပြောလိုက်ခြင်းသာဖြစ်ကြောင်း။ မိန်းကလေးတစ်ယောက်ကို စော်ကားသကဲ့သို့ ဖြစ်သွား၍ တောင်းပန်ကြောင်း ပြောသည်။ ပန်းဇာဖြူ ဘာမျှ ပြန်မပြောခဲ့။

သူ့ဘဝမှာ အညစ်အနွမ်းတွေ များစွာဖြစ်ခဲ့၍ ပန်းဇာဖြူကို လက်မထပ်လိုတော့ခြင်းသာဖြစ်ကြောင်း ပြောသည်။ ဖခင်ဆုံးသွား၍ နောင်တတွေရကြောင်း ပြောသည်။ နောက်တစ်ကြိမ် လာတွေ့သောအခါ သာညို အရက်စွဲနေပြီဟု ပန်းဇာဖြူ သိသည်။ သတိတရားရရန်၊ ကိုယ့်ကိုယ်ကိုယ် အချိန်မီ ပြုပြင်ရန်၊ သုံးဖြုန်း သောက်စားလောင်းကစားပြုနေလျှင် အိပ်ရာထဲလဲနေသူ မိခင်မှာ ပို၍ စိတ်ဆင်းရဲရမည့်အကြောင်း ပန်းဇာဖြူ ပြောသည်။ ပြောသော်လည်း ပြောပြော။ ဘဝတစ်ခုလုံး ပျက်ပြားပြုန်းတီးသော အဆင့်သို့ပင် ရောက်သွားပုံတွေ ပြောပြသည်။
mgyoe.com

mgyoe.com SAMPLE BOOK


"ဇာဖြူနဲ့ သူ့အကြောင်းက အဲဒီကတည်းက ပြီးခဲ့တာပါပဲ ကိုအောင်သူ။ အမှန်အတိုင်းပြောရရင် မနှစ်ကအထိ သူ့အပေါ် ဇာဖြူ သံယောဇဉ်ထားခဲ့ပါသေးတယ်။ ပြောပါတယ်၊ ဘယ်လိုမှ မပြင်တော့ပါဘူး။ သူ့ကို စိတ်ပျက်သွားတာက ဉစ္စာပစ္စည်းတွေ ကုန်းကောက်စရာ မရှိတော့လို့ မဟုတ်ပါဘူးရှင်၊ ဘဝကို အပျက်စီးခံ ဖျက်ဆီးနေတာကို ဇာဖြူ မကြိုက်ဘူးလေ။ အရက်သောက်တာကို ခွင့်လွှတ်နိုင်တယ်ထား၊ ဖဲရိုက်၊ ဂျင်ထိုးတာက ဇာဖြူ နည်းနည်းလေးမှ မကြိုက်ဘူး။ ဓားတော့ပြီး လုရမှာမဖြစ်လို့ ဂျင်သီးတို့၊ ဖဲချပ်တို့ကို ကြားမှာထားပြီး လုနေတာနဲ့ ဘာခြားလဲ။ အရက်သောက်တာလည်း တစ်ရာရလို့ တစ်ဆယ်သောက် သောက်ပေါ့။ တစ်ပြားမှ ရအောင်မရှာဘဲ တစ်ရာဖိုး သောက်တာက ဘယ်ဖြစ်မှာလဲ"

ပန်းဇာဖြူသည် ထိုအကြောင်းများကို စိတ်ရှုပ်ထွေးစွာ ပြန်လည်ပြောပြသည်။

"စီးပွားကို မရှာချင်လို့ မရှာနိုင်လို့ မရှာဘူးပဲထား။ ဣန္ဒြေရရ ရှိရှိနဲ့ အိမ်ဦးခန်းမှာ ထိုင်စားချင်သပဆိုလည်း စား။ ဇာဖြူ ယောကျ်ားတစ်ယောက်ကို ကျွေးထားနိုင်ပါတယ်။ ဒီလိုမဟုတ်ဘဲ စိတ်ဆင်းရဲစရာ ပြဿနာတွေ ဖန်တီးနေမယ်ဆိုရင်တော့ အဲဒီဘဝကို ဘယ်သူနေရဲမလဲ။ စိတ်ချမ်းသာချင်လို့ အိမ်ထောင်ပြုကြတာချည်းပဲ ကိုအောင်သူရယ်။ ဒါနဲ့...ဇာဖြူ သူ့ကို ပြတ်ပြတ်တောက်တောက် ဆက်ဆံရတော့တာပဲ"

ဇာတ်ရည်လည်သွားပြီးနောက် "ကိုအောင်သူ ဇာဖြူ့ကို ဝေဖန်ပါ၊ ဇာဖြူ လွန်သလားဆိုတာကို" ဟု ပြော၏။ "အိမ်ထောင်ရေးကို အလေးအနက် သဘောထားတဲ့ မိန်းကလေးတိုင်း ဒီလိုပဲ ဆုံးဖြတ်မှာပါပဲ" ဟု သူဖြေသည်။ စိတ်ရှင်းသွားသော မျက်နှာကို သူမြင်သည်။

"ကိုအောင်သူ့ကို သူ ရန်ပြေမာန်ပြေ ထမင်းဖိတ်ကျွေးတာ ဇာဖြူ သဘောမပေါက်ဘူး"

"ပြောတဲ့အတိုင်း ဟုတ်ချင်လည်း ဟုတ်မယ်ပေါ့"

"ဇာဖြူ သူ့ကို မယုံဘူး"

"ဘာဖြစ်လို့လဲ ဟင်"

"အရင်က ကိုသာညိုကို ဆက်ဆံရတာ ရှင်းတယ်။ ခု...ကိုသာညိုက အဲသလို မဟုတ်ဘူး။ ငြိုးချင်သလိုလို ညစ်ချင်သလိုလို၊ တစ်မျိုးပဲ။ ပြောတော့ မပြောပြတတ်ဘူးလေ။ ယုံကြည်စိတ်ချမှု သူ့အပေါ် မရှိတော့တာ အမှန်ပဲ"

mgyoe.com

mgyoe.com SAMPLE BOOK


ကြမ်းကြမ်းတမ်းတမ်း ပြောဆို ဆက်ဆံခဲ့သည့်အတွက် ပန်းဇာဖြူ ထိုသို့ တွက်လာသည်ဟု သူတွက်၏။ သာညို့အိမ်တွင် သူနှင့် သာညိုသာ ထမင်းတစ်ဝိုင်း တည်းစား၏။ ပန်းဇာဖြူ မစား။ ထမင်းစားပြီးသော် ချက်ချင်း ထပြန်၍မဖြစ်။ အလိုက်သင့် အလျားသင့် စကားတွေပြောရသေး၏။ သာညို၏ အမူအရာသည် ကွဲကွာနေရသော မိတ်ဆွေချင်း ပြန်လည်ဆုံတွေ့နေသကဲ့သို့ ဖြစ်၏။ ရယ်ရယ် မောမော။ အပြုံးမပျက်။

ဆယ်ပေပတ်လည် ဝါးခင်း၊ ဝါးထရံကာ ဓနိမိုးအိမ်။ "ကျွန်တော့် ဂေဟာကြီး ကတော့ မြင်တဲ့အတိုင်းပဲ ကိုအောင်သူရေ့...လာတဲ့အတွက်ရော၊ ထမင်းစားဖော် ရတဲ့အတွက်ရော ကျေးဇူးတင် ဂုဏ်ယူတယ်ဗျာ" ဟု ပြောသည်။ "ဒါ...အရေးမဟုတ် ပါဘူးဗျာ" ဟု သူပြန်ပြောသည်။ ရွာကအကြောင်း၊ တိုင်းပြည်အကြောင်း၊ ကမ္ဘာ့နိုင်ငံ ရေးအကြောင်းတွေ ပြောကြ၊ ထင်မြင်ချက် ပေးကြသည်။ ကျောင်းသားဘဝကို စကား ရောက်သည်။

"တက္ကသိုလ်ကျောင်းသားဘဝကို ကျွန်တော် ပြန်တွေးရင် ဝမ်းနည်းတယ်" ဟု ပြောသည်။ "ကိုသာညိုရာ...ဒီလိုပါပဲ၊ ကျောင်းသားဘဝက ပျော်စရာ အကောင်း ဆုံးအချိန်ကို ဘယ်ပြန်ရနိုင်ပါတော့မလဲ" ဟု သူပြောသည်။ "ကိုအောင်သူ ဒီမှာ အနှံးခြံလာလုပ်မလို့ဆို" ဟု မေး၏။ "စိတ်ကူးတာပါပဲ၊ ခု အဲဒါ လေ့လာဖို့ လာခဲ့တာ ပဲ" ဟု ပြောသည်။ "လုပ်ဖြစ်ရင် ကောင်းတာပေါ့" ဟု သာညို ပြောသည်။ စကား တွေ ပါးလာချိန်တွင် ပြန်ရန် နှုတ်ဆက်သည်။ သာညို့ အိမ်ပေါ်မှ ဆင်းလာသော အခါ အိမ်ခေါင်းရင်းတွင် သုံးယောက် သာညိုနှင့် သက်တူရွယ်တူ။ အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ထားကြသည်။ ခရီးဆောင်အိတ်တွေ မြေပေါ်တွင် ချထားကြ သည်။ သူ လှမ်းအကြည့်တွင် သူ့ကို စူးစူးဝါးဝါး ကြည့်နေကြသည်။ နှုတ်ခမ်းမွေးထား ကာ ဘောင်းဘီရှည် ဝတ်ထားသူက ပို၍ အကြည့်ပြင်း၏။ သူ့ကို "သွားလေ" ဟု ပန်းဇာဖြူက တိုးတိုးပြော၏။ ပန်းဇာဖြူက သူ့နောက်မှ ဖြည်းဖြည်းလျှောက်ကာ လိုက်လာ၏။ လမ်းတစ်ဝက်ရောက်မှ ပန်းဇာဖြူ ယှဉ်လျှောက်သည်။ "ဘာလို့ ယှဉ်မလျှောက်သလဲ၊ သိလား" ဟု မေး၏။ သူ ခေါင်းခါသည်။

"နောက်ကလိုက်လာရင် ဇာဖြူ ရှိတော့ ကိုအောင်သူ့ဆီ ချက်ချင်း မရောက် ဘူးပေါ့" ဟု ဖြေ၏။ နောက်မှနေ၍ ဘေးဆီးရန်ကာချန်ပြီး လိုက်လာခြင်းဟု သိလိုက် သည်။ "လိုက်လာရင်လည်း ဒီမှာလေ" ဟု ပြောသည်။ ညာဘက်သို့ ခါးစောင်းသည်၊

mgyoe.com

 mgyoe.com SAMPLE BOOK 

ဝင်းသော ဗိုက်သားကို လှစ်ခနဲမြင်သည်။ ခါးကြားမှ ဓားမြှောင်ကို ထုတ်ယူသည်။ ကျွဲချိုအရိုး၊ ကျွဲချိုအိမ်။ တစ်ပေကျော်ကျော်။ အံ့အားသင့်နေ၍ သူ ပါးစပ် ဟတတ။ သဘောကျစွာ ပြုံးလိုက်သည်။ မာကျောလျက်ရှိသော ပန်းဇာဖြူ၏ မျက်နှာသည် မတင်းမာတော့။

"ကိုအောင်သူ ထမင်းစားနေတုန်းမှာ ခေါင်းရင်းဘက်က ခြေသံကြားရတယ်။ စိတ်ထဲ မသင်္ကာလို့ နားစွင့်နေတာ။ အိမ်ပေါ်ကို ဘယ်သူ တက်တက်လေ၊ မတက်နဲ့လို့ ဇာဖြူ တားမှာပဲ။ တားတဲ့ကြားက ဇွတ်တက်လာရင် အဓိပ္ပာယ်က ရှင်းပြီပဲပေါ့။ ဇာဖြူက အရင်ဦးအောင် ဓားနဲ့ထိုးမှာ"

"ကိုသာညိုလည်း ဒါကြောင့် ထင်ပါတယ်။ သူ့လူတွေကို အိမ်ခေါင်းရင်းကပဲ စောင့်ဖို့ ပြောထားဟန် တူပါတယ်"

"ဟုတ်မှာပေါ့။ ပုံတွေကတော့ မြင်တဲ့အတိုင်း။ ကစားသမား၊ အရက်သမား လူဆိုးချည်း။ ဒါတွေနဲ့ ပေါင်းသင်းနေသရွေ့ သူ လူကောင်းဖြစ်လာဖို့ ဝေးပါသေးတယ်"

"တစ်ယောက်က ကျွန်တော့်ကို စားမတတ် ဝါးမတတ် ကြည့်နေတာ သတိထားမိလိုက်လား"

ပန်းဇာဖြူ ခေါင်းညိတ်ပြသည်။

"ကိုစံကြည်တဲ့၊ သူလည်း အတူတူပါပဲ။ ကိုသာညိုကို ဖျက်တဲ့အထဲမှာ တစ်ယောက် အပါအဝင်ပေါ့"

သာညိုက သူ့အပေါင်းအသင်းတွေကို မည်သို့ပြောထားသည်တော့ အတပ်မသိ။ ထိုသူတို့၏ မျက်နှာထားတွေကမူ သူ့ကို မနှစ်မြို့ကြောင်း ပြနေကြသည်။ ပန်းဇာဖြူကို ပြောသောအခါ "အရေးမစိုက်ပါနဲ့လေ" ဟု ဆို၏။ "ကနေ့အထိ ကိုအောင်သူနဲ့ ဇာဖြူက ဘာမှမှ မဟုတ်တာ၊ ခင်မင်ကြတယ်၊ တရင်းတနှီး ရှိကြတယ်။ တစ်ခါတလေ ကိုအောင်သူ တရင်းတနှီး နောက်တယ်၊ အနှောင့်မလွတ် အသွားမလွတ် စကားလေးတွေနဲ့ ဇာဖြူ့ကို အပြောင်အပြက် ပြောတတ်တယ်။ ဒါပဲလေ... ကိုအောင်သူ ဇာဖြူ့ကို ခင်မင်ရင်းနှီးလို့ နောက်တာ၊ စတာပဲ။ ဒါလောက်ပဲ ရှိခဲ့တာကို သူ့အမြင်...အဲ...သူတို့အမြင် ဘယ်လိုမြင်မလဲတော့ မပြောတတ်ဘူး။ ခုလည်း... ကိုအောင်သူ အလည်လာတာရယ်၊ ဇာဖြူတို့ အိမ်မှာ တည်းတာရယ် မျက်စိစပါးမွေး စူးချင်လည်း စူးမှာပေါ့။ စူးလည်း ဘယ်တတ်နိုင်မှာလဲ" ဟု ပြောသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ပန်းဇာဖြူ၏ အပြောကြောင့် မျက်စိလည်ချင်ချင် ဖြစ်သွားသည်။ ရိပ်ဖမ်း သံဖမ်း မကသော သူ့စကားတွေကို အပြောင်အပြက် ပြောသည်ဟု ယူဆနေခြင်းလားဟု တွေးသည်။ မနှစ်က အနေအထားကို ပြောခြင်းဖြစ်မည်ဟု တစ်ချက်တွက်သည်။

"ဟုတ်ပါတယ်၊ မပန်းကို ကျွန်တော် ဘယ်လာ မထိမဲ့မြင် ပြောရဲပါ့မလဲ။ လက်ထဲမှာ ဓားမြှောင်ကြီးနဲ့"

ရယ်စရာစကား သူပြောသည်။ ပန်းဇာဖြူသည် ကြောင့်ကြကျပ်တည်းသော စိတ်မှ လွတ်မြောက် သက်သာလာဟန်ရှိ၏။ တစ်ချက်ရယ်သည်။

"ကျွန်တော့်ကို စောင့်ရှောက်တဲ့ ကိုယ်ရံတော် ဒေါ်ပန်းဇာဖြူကို ကျေးဇူးတင် ထားပြီးသားပါ။ တကယ်ပြောတာပါ။ ဘာလို့ ရယ်နေရတာလဲ"

ရယ်မောသံများသည် ပန်းကဲ့သို့ ပွင့်ကာလန်းကာ ရှိသည်။ ပန်းဇာဖြူသည် သူ၏ အကြောင်းကို ပြောပြပြီးသည့်နောက်တွင် "ခုမှပဲ...ရင်ထဲ ရှင်းသွားတော့တယ်" ဟုပြောကာ အဟင်းခနဲ တစ်ချက်ရယ်၏။ အရယ်နှုတ်ခမ်းကို သူ စိုက်၍ကြည့်သည်။ ပန်းဇာဖြူ၏ မျက်လုံးအစုံကို ကြည့်သည်။ သက်ပြင်းချသည်ကို သူ မြင်လေသည်။ ကိုယ့်အကြောင်းကို ပန်းဇာဖြူ ပြောပြသည်။ အဓိပ္ပာယ်ကို မှန်းဆနားလည်သည်။ ရှိဖူးသော နောက်ကြောင်းကို တင်ကြို၍ ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောပြခြင်း ဖြစ်ပေသည်။ အဖြစ်အပျက် အကြောင်းအချက်တို့သည် ဦးခေါင်းထဲ၌ ပန်းဆိုင်း ဆွဲထားဘိသို့ ခိုနေ၏။

မျက်တောင်တွေ စင်းချင်ချင် ဖြစ်လာသည်။ မှိတ်ထားသော မျက်လုံးတွင် ပန်းဇာဖြူ၏ မျက်နှာကို မြင်ယောင်နေ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

(၅)

မွန်းတည့်နေရောင်သည် အုန်းပင်တွေကြားမှ ကျလျက်ရှိသည်။ အုန်းပင် အုန်းလက်တို့၏ အရိပ်တို့သည် ခြံကြီးတစ်ဝန်းတွင် အဖြူပြောက် ကြဲထားသကဲ့သို့ ဖြစ်နေ၏။ ရှေ့နောက်ဝဲယာတွင် အုန်းပင်တွေချည်း။ အပင်တိုင်းလိုလိုပင် ကုန်းတွင်းသို့ ယိမ်းယိုင်ကာ။ အချို့အပင်တို့သည် ကျိုးကျမည်ထင်ရအောင် ညွတ်ပြီး ပေါက်နေသည်။ မြင့်မားရှည်လျားသော အုန်းပင်တွေအောက်တွင် အုန်းလက်ခြောက်ပုံတွေ ဟိုနား သည်နား စုထားသည်။ သက်တမ်းကုန်၍ လည်ပြတ်နေသော အပင်တချို့ကို တွေ့သည်။ အုန်းလည်ပြတ်နှင့် လှဲထားသော ပင်စည်ပိုင်းတွေကို မြင်သည်။ ပျိုးထားသော ပင်ပေါက်တွေ၊ တစ်ရပ် နှစ်ရပ်မြင့်နေသော အပင်တွေ၊ သီးစအပင်တွေက မျက်လုံးရွေ့ရာတိုင်းတွင်။

"သန်ဘက်ခါ ပြန်မယ်လား"

လှဲထားသော အုန်းပင်အနီးသို့ အရောက်တွင် ပန်းဇာဖြူ မေးသည်။ အဖျားပိုင်းသည် မြေသို့ကျနေသည်။ အရင်းပိုင်းသည် ခါးစောင်းသာသာ ပင်ငုတ်ပေါ်တွင် တင်လျက်ရှိသည်။ သူ တင်ပါးမှီပြီးနေသည်။

"အိမ်ကိုပြောလာတုန်းက ကိုးရက်၊ ဆယ်ရက်။ ဒီနေ့ဆိုရင်ပဲ ဆယ့်နှစ်ရက်"

ပန်းဇာဖြူ ခေါင်းခါသည်။

"ဘယ် ဆယ့်နှစ်ရက် ဟုတ်ရမှာလဲ၊ ဆယ့်လေးရက်"

သူ ပြန်တွက်သည်။ ပန်းဇာဖြူ အတွက်မှန်သည်။

"ဟုတ်တယ်...ဟုတ်တယ်...သန်ဘက်ခါဆိုရင် ဆယ့်ခြောက်ရက်၊ ဦးကြီးတို့

mgyoe.com

mgyoe.com
SAMPLE BOOK

ပင်လယ်က ပြန်လာတာ တမြန်မနေ့က၊ ကျွန်တော်ရောက်တာ အဲဒီတုန်းကပဲ ဆယ့်တစ်ရက်၊ နေတာကတော့ နေချင်တာပေါ့ မပန်းရာ၊ အိမ်က စိတ်ပူမှာပဲ စိုးတာပါ။ မပန်း ကျွန်တော်တို့အိမ်ကို အလည်လာရင် သိမှာပါ။ ကျွန်တော် အခု ဒီလာတာကို မနည်းပြောပြီး လာရတာ၊ အိမ်က သိပ်စိတ်ပူတတ်တာ"

ခေါင်းညိတ်သည်။ မပွင့်သောအပြုံးနှင့် ပြုံးသည်။ အုန်းပင်စည်တွင် လက်နှစ်ဖက်ဖွဖွထောက်ကာ–

"ဇာဖြူ သင်္ဘောပေါက်ပါတယ်၊ တစ်ခု သိချင်တာက ကိုအောင်သူ့ မိဘတွေက ဒီမှာ အုန်းခြံလာလုပ်မှာ သင်္ဘောမတူဘူးဆိုရင် ရှေ့လျှောက် ကိုအောင်သူ လာလည့်ဖြစ်ပါဦးမလား"

သူ ချက်ချင်းဖြေသည်။

"မကြာခဏ ရောက်မှာတော့ သေချာပါတယ်။ ခု...ကျွန်တော်က အလည်တစ်ခေါက် ရောက်ခဲ့ပြီနော်...မပန်း အလည်လာဖို့ ကျန်သေးတယ်"

စုထားသောနှုတ်ခမ်းသည် ပြုံးယောင်ယောင်နှင့် ရှိ၏။

"အခါလွန်ရင် ရောက်မယ်"

"တကယ်လား"

"တကယ်ပါ"

"စကားလား...ကတိလား..."

အဟင်းခနဲ တစ်ချက်ရယ်သည်။ ရယ်သံနှင့်ပင်...

"ကတိ"

"အဲလိုဆိုလည်း သင်္ကြန်အမီလာရင် ကောင်းမယ်"

"ရန်ကုန်သင်္ကြန်လည်ဖို့လား"

သူ ခေါင်းခါသည်။

"ရန်ကုန်မှာ သင်္ကြန်တွင်း ဥပုသ်လာစောင့်စေချင်လို့"

ပြက်လုံးစကားကြောင့် ရယ်သည်။

"အဲသလိုဆိုရင်လည်း မထူးပါဘူး၊ တစ်ဝါတွင်းလုံး ရန်ကုန်မှာပဲ ဥပုသ်စောင့်ဖို့ တစ်ခါတည်း ဆက်ပြီးနေလိုက်ရင် မကောင်းဘူးလား"

"ကောင်းရုံတွင် ဘယ်ကမလဲ။ အတိုင်းထက် အလွန်ပေါ့။ ဝါထွက်ရင် မယ်သီလရှင် ဝတ်ချင်ဝတ်၊ ယောဂီဝတ်ချင် ဝတ်လို့ရသေးတယ်ဗျ"

mgyoe.com

mgyoe.com SAMPLE BOOK



ရယ်သံသည် မွေးရနံ့တို့ဖြင့် ထုံထားသည်ဟု ထင်၏။

"သြော်...ခုမှ သတိရတယ်၊ ကိုအောင်သူ့အကြောင်း ပြောမယ်ဆို ပြောလေ"

သူ ခေါင်းညိတ်သည်။ ကျွန်တော် နေတာက အစချီပြီး အိမ်အမှတ်၊ လမ်းအမှတ်ပြောသည်။ "အို...ဒါက လိပ်စာအထဲ ပါပြီးသားပဲ" ဟု ပန်းဇာဖြူ ပြောသည်။ ရွှတ်နောက်နောက်ဖြင့် ပြောနေမှန်းသိသည်။ ထို့နောက်၊ အဖေနှင့် အမေမှာ ဦးညွန့်ဟန်၊ ဒေါ်မြမူ ဖြစ်ကြောင်း၊ ဖခင်က ဓာတ်သတ္တု ဌာနတစ်ခုတွင် အုပ်ချုပ်ရေးမှူး အလုပ်လုပ်ကြောင်း၊ မိခင်က ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်ကြောင်း၊ အစ်ကိုမှာ လူပျိုကြီးပင် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်း စစ်ဘက်ဌာနတွင် ဗိုလ်မှူးဖြစ်ကြောင်း၊ အမည်မှာ ကိုစိုးဝင်းဟု ခေါ်ကြောင်း၊ ညီမ ဆွေလင်းမြင့်သည် စက်မှုတက္ကသိုလ်တွင် ဒုတိယနှစ် ကျောင်းသူ ဖြစ်နေကြောင်း ပြောပြသည်။ ဖခင်သည် စကားနည်းသည်။ သဘောကောင်းသည်။ သို့သော် စိတ်တိုတတ်ကြောင်း၊ မိခင်သည် ဖော်ရွေသူဖြစ်ကြောင်း၊ စိတ်ရှည်ကြောင်း၊ ကိုယ်ပိုင်စီးပွားရေးကို ပိုမိုစိတ်ဝင်စားသူဖြစ်ကြောင်း၊ အစ်ကိုသည် ပျော်ပျော်ရွှင်ရွှင် နောက်နောက်ပြောင်ပြောင် နေတတ်သူဖြစ်ကြောင်း၊ ရုပ်ရှင်၊ စာပေတို့၌ စိတ်ဝင်စားကြောင်း ပြောပြသည်။

"ကိုအောင်သူ့ ညီမလေးက အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်သုံးနှစ်၊ ကျွန်တော့်ထက် သုံးနှစ်နီးနီးငယ်တယ်"

"သြော်...ဇာဖြူ့ထက် တစ်နှစ်ငယ်တာပဲ။ အစ်ကိုကြီးက ကိုအောင်သူ့ထက် အသက်တော်တော်ကွာမယ် ထင်တယ်"

သူ ခေါင်းညိတ်သည်။

"ကိုးနှစ်ကျော်၊ ဆယ်နှစ်နီးပါးကွာတယ်"

"ဇာဖြူ့အထက်မှာ ယောကျ်ားလေး နှစ်ယောက်ရှိတယ်။ အဖတ်မတင်ကြဘူး။ ရှိကြရင် သုံးဆယ်ကျော်တွေပဲ"

မွေးချင်းရှိခဲ့သည်ကို ယခုမှ သိရသည်။ အံ့သြစရာစကား တစ်ခွန်းပြောသည်။

"လေးတန်းအောင်တဲ့အထိ ဇာဖြူ စိန့်ဖီလိုမီနာမှာ နေခဲ့တယ်"

"ဟုတ်လား၊ မပန်း တစ်ခါမှ မပြောဖူးခဲ့ဘူး"

"စကားမစပ်မိလို့ပါ၊ ငါးတန်းကိုရောက်မှ ချောင်းသာကို ပြောင်းပြီးနေရတာ"

"လေးတန်းအောင်ပြီးမှ ဒီကို ပြောင်းလာတာပေါ့"

ခေါင်းညိတ်သည်။ အုန်းပင်ပေါ်သို့ နောက်ပြန် လက်ထောက်ပြီး အသာခိုန်

mgyoe.com

mgyoe.com SAMPLE BOOK


ကဲ့ ထိုင်သည့်သူ့ကို ဆက်ပြောပြသည်။

"ဇာဖြူ နှစ်တန်းအရောက်မှာ အမေဆုံးသွားတယ်။ အဲဒီတုန်းက ဇာဖြူတို့ အောင်မင်းခေါင် ရိပ်သာမှာပဲ နေကြသေးတယ်။ အဖေက ရန်ကုန်မှာ ပွဲရုံတွေကို အမေနဲ့ပဲ လွှဲထားတယ်။ အထည်စက်တွေကိုလည်း အမေပဲ ကြည့်ရတယ်။ အဖေက နိုင်ငံရေးဘက်ပဲ အာရုံရှိတယ်။ သန့်ရှင်းတည်မြဲ ကွဲပြီး ရွှေကောက်ပွဲ ပြန်လုပ်တဲ့အချိန်မှာ အဖေ့ကို မြင်ရတယ်တောင် မရှိဘူး။ ဇာဖြူက နှစ်တန်းပဲရှိသေးတယ်။ အဖေက သူ့ အနိုင်ရဖို့ ရှိသမျှငွေပုံအောတာပဲ။ ဆွေမျိုး အသိုင်းအဝိုင်းကိုလည်း သိပ်အားထားတာ။ ပြီးလည်းပြီးရော အဖေ ရှုံးတယ်။ ဆွေမျိုးတွေထဲကကို ဖောက်လိုက်တာကိုး။ လေးငါးလပဲကြာမယ်၊ အမေက နှလုံးရောဂါနဲ့ ဆုံးသွားတယ် ကိုအောင်သူ"

တွေးကြည့်သည်။ ထိုစဉ်က သူ သုံးတန်းကျောင်းသား။ ဖေဖေနှင့် ဖေဖေ၏ ညီဖြစ်သူတို့ နိုင်ငံရေးကိစ္စ စကားများကာ ထိုးမည်ကြိတ်မည် ဖြစ်ခဲ့သည်ကို မှတ်မိသည်။ ဆွေမျိုးမိတ်ဆွေတွေ ငြင်းကြခုံကြသည်ကို ရေးရေးမျှ မြင်ယောင်သည်။

"ဆွေမျိုးတွေကိုရော၊ အပေါင်းအသင်းတွေကိုရော အဖေ တော်တော် စိတ်နာသွားတယ်။ စီးပွားရေးဘက် အာရုံပြန်စိုက်တယ်၊ စိတ်ဓာတ်က တစ်မျိုးဖြစ်သွားတယ်။ အမေ့အတွက်လည်း စိတ်မချမ်းမသာ ဖြစ်သွားတယ်။ နောက် ပြည်သူ့ပိုင် သိမ်းတာလည်းပြီးရော သူ့အစ်ကိုဝမ်းကွဲ...ခု ဦးကြီးဦးစံအေးတို့နဲ့အတူ ပြန်နေမယ် ဆုံးဖြတ်ပြီး ရန်ကုန်မှာရှိတဲ့အိမ်ကို ရောင်းပစ်တယ်။ ဇာဖြူ စာမေးပွဲအပြီးမှာ ဒီကို တစ်ခါတည်း ပြောင်းလာကြတာပဲ၊ ဒီရွာက အဖေ့ဇာတိလေ"

"သြော်...ဟုတ်လား"

"အဖေ့ အဖေနဲ့အမေ၊ ဇာဖြူ့ အဘိုးနဲ့ အဘွားလည်း ဒီရွာမှာ ခေါင်းချခဲ့တာပဲ"

သူ ခေါင်းညိတ်သည်။ ပန်းဇာဖြူသည် သူ့ကို မော့ကြည့်၏။ အုန်းပင်စည်တွင် ကိုယ်ကိုကပ်ကာ မှီသည်။ နွဲ့ထားသည့် ညာဘက်ခါးစောင်းဖြင့် ပြောင်း၍ ထိသည်။ အမိအဖ မရှိသူ၏ ညှိုးငယ်သော မျက်နှာကို သူ ငေးကာကြည့်သည်။ ပန်းဇာဖြူ၏ မျက်လုံးအိမ်တွင် မျက်ရည်ဝေ့သည်ဟု ထင်သည်။

"အဖေ အမေ မရှိတော့ တစ်ခါတလေ အားငယ်မိတယ် ကိုအောင်သူရဲ့။ ဒါပေမဲ့...ငတ်တုတ်ကြီး ထိုင်အားငယ်နေလို့ မဖြစ်ဘူးလေဆိုပြီး စီးပွားရေးထဲမှာပဲ စိတ်ကို ထည့်ထားရတော့တာ။ အဖေအမေရဲ့ ဂုဏ်ကျေးဇူးကို သတိရအောက်မေ့ပြီး ညအိပ်ရာဝင်ရင် ရည်စူးရှိခိုး၊ အခါကြီးရက်ကြီးမှာ ကုသိုလ်ကောင်းမှုပြု၊ တစ်နှစ်

mgyoe.com

တစ်ကြိမ် ဝါဝင် ဝါထွက် ဆွမ်းကျွေး၊ သီတင်းကျွတ် လပြည့်တိုင်း၊ မိဘသင်္ချိုင်း သွားကန်တော့။ ဒီလိုနဲ့ ကိုယ့်စိတ်ကို ကိုယ်အားပေးရတာပဲလေ'

"ဟုတ်ပါတယ်။ ဒါ အမှန်ဆုံးပါပဲ။ ဘဝဆိုတာ ဒီလိုပါပဲဗျာ၊ မိဘရဲ့ လက်ငုတ် လက်ရင်းကို မပျောက်ပျက်အောင်၊ တည်တံ့အောင်၊ တိုးတက်အောင် လုပ်စရာရှိတာ လုပ်၊ မိဘရဲ့ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေမယ့်ဟာမျိုး မလုပ်ဘူး၊ မိဘဖြစ်စေချင်တဲ့ ဘဝကို ဖြစ်အောင်ကြိုးစား။ ဒါဆိုရင်…မိဘက သက်ရှိထင်ရှား မရှိတော့ပေမဲ့ ဩဇာ အဆုံးအမရှိတာနဲ့ အတူတူပါပဲ။ ကျွန်တော်တော့ အဲသလိုပဲ သဘောရတယ်"

ပန်းဇာဖြူ သူ့ကို စိုက်၍ ကြည့်နေ၏။ ထို့နောက်…

"ဇာဖြူလည်း ဒီသဘောမျိုးပါပဲ။ အဖေက ဇာဖြူကို တစ်ခုဖြစ်စေချင်တယ်။ အဲဒါက ပညာကြိုးစားဖို့၊ ဘွဲ့ရဖို့။ ဒီတစ်ခုတော့ ဇာဖြူ ပျက်ကွက်သလို ဖြစ်နေတယ်"

သူ တစ်စုံတစ်ခု စဉ်းစားနေ၏။

"ဒီနှစ် ကိုးတန်းဝင်ဖြေပါလား"

ချက်ချင်းမဖြေ။ ခဏနေမှ–

"ကျောင်းစာနဲ့ ဝေးတာ ရှစ်နှစ်၊ ကိုးနှစ် ရှိသွားပြီပဲ ကိုအောင်သူရယ်"

"ဘာမှ မခက်ပါဘူး။ စာကျက်ချိန် နည်းနည်းပေးဖို့တော့ လိုမယ်။ မပန်းမှာ အချိန်လုံလောက်သားပဲ။ အပြင်ကနေ ဖြေပါလားဗျာ။ ကျွန်တော် တိုက်တွန်းတယ်ဗျာ။ ဘယ့်နှယ်လဲ"

အရှေ့ဘက်သို့ ငေးကြည့်နေ၏။ ချိန်ဆနေဟန်တူ၏။ ထိုစဉ်–

"ကျွန်တော် ပြဋ္ဌာန်းစာအုပ်တွေ ပို့ပေးမယ်၊ မပန်း ဖြေဗျာ။ အောင်ပါတယ်။ တစ်နေ့ တစ်နာရီပဲ စာကြည့်ဦး။ မပန်း ဝီရိယမျိုးနဲ့ဆိုရင် ဂုဏ်ထူးနဲ့တောင် အောင်မှာ သေချာတယ်။ မပန်းအကြောင်း ကျွန်တော် သိတယ်လေ။ စိတ်မဝင်စားရင် အလျှင်း၊ စိတ်ဝင်စားရင်လည်း အလျှင်း၊ အပြတ် ကြိုးစားတတ်တာ သိတယ်။ ပြန့်ဖြေမယ် မဟုတ်လား"

ငေးနေရင်း ပြုံးသည်။

"အောင်တော့ ဘာလုပ်ရမလဲ ဟင်"

"အောင်ရင် ဆယ်တန်းဆက်ဖြေ"

"ဆယ်တန်းအောင်တော့ကော"

"စာပေးစာယူ ဖြေရင်ဖြေ၊ ဒါမှမဟုတ် တက္ကသိုလ်တစ်ခုခု တက်ပေါ့"

mgyoe.com

mgyoe.com · SAMPLE BOOK


"အောင်လာတော့ကော"

"အောင်လာတော့ မြန်မာပြည်မှာ ဘွဲ့ရတစ်ယောက် တိုးလာတာပေါ့။ ပြီးတော့... မပန်းရဲ့အဖေ ဖြစ်စေချင်တာ ဖြစ်သွားတယ်လို့ ကျွန်တော် ဝမ်းသာမှာပေါ့ဗျာ။ မဟုတ်ဘူးလား"

ပြုံးရင်း သူ့ဘက်သို့ မျက်နှာလှည့်သည်။ "စကားကို တစ်ချက်ခုတ် သုံးချက်ပြတ် တကယ်ပြောတတ်တယ်နော်...ကိုအောင်သူ တကယ့်လူပဲ" ဟု ပြောကာ ပြုံးသည်။

"ဘယ့်နှယ်လဲ မပန်း...ဟင်"

ခေါင်းတဆတ်ဆတ် ညိတ်ပြီး –

"စမ်းကြည့်မယ်လေ..."

"ဝမ်းသာစရာ သတင်းကောင်းပဲ။ ခုကတည်းက ပြောထားဦးမှ"

"ဘာပါလိမ့်..."

"ဆယ်တန်းဖြေရင် ရန်ကုန် စာစစ်ဌာနကနေ ဖြေ၊ ကျွန်တော်တို့အိမ်မှာ လာနေပြီး ဖြေပါလို့ ခုကတည်းက ကြိုပြောထားပါတယ်"

ရယ်သံစူးစူး။ ဟက်ဟက်ပက်ပက် ရယ်သည်။ "ယုန်ကဖြင့် ဘယ်နေမှန်းမသိဘူး၊ သံပရာခြမ်း ရှာထားတယ်" ဟု ပြောကာ ရယ်လေ၏။

"ကျွန်တော် အကောင်းပြောတာပါ၊ လာမယ့်နွေဆိုရင် ကိုးတန်းဖြေပြီးပြီ။ ဇွန်လမှာ မပန်း ဆယ်တန်း၊ နောက်နွေဆို ဆယ်တန်းဖြေရပြီ။ ခု တစ်ဆောင်းနုတ်လိုက်ရင် တစ်နှစ်။ တစ်နှစ်ဆိုတာ ဘာကြာတာမှတ်လို့ဗျာ"

"ဟုတ်ပါတယ်။ ကိုအောင်သူ့ပြောပုံကို သဘောကျလို့ ဓာပြုံ ရယ်တာပါ။ တက္ကသိုလ်...ဟင်း...ဟင်း..."

ရယ်ရင်းနှင့် စကားဖြတ်၍ "ဘာဖြစ်လို့လဲ၊ တက္ကသိုလ် ဘာဖြစ်လို့လဲ" ဟု သူမေးသည်။ ရယ်ကျဲကျဲမျက်နှာနှင့် ပြောသည်။

"ကိုအောင်သူ စိတ်ကူးယဉ်ပြတာနဲ့ ဓာပြုံလည်း တက္ကသိုလ်စကားတွေ ဘာတွေ ပြောမလို့၊ ပြောမယ်ကြံပြီးမှ ပါးစပ်မရဲလို့။ ဒီလိုပါ...တက္ကသိုလ်တစ်ခုခုမှာ တော့ သွားမတက်ချင်ပါဘူး။ ကလေးတွေ ကြားထဲမှာ ရှက်စရာကြီး"

"ဟောဗျာ...မပန်းက ခု နှစ်ဆယ့်လေးနှစ်၊ အသက်အစိတ်ကျော်တော့မှ တက္ကသိုလ်ကျောင်းတက်တာ ဘာဖြစ်လဲ။ တချို့ဆို အသက် ငါးဆယ်ကျော်မှ ဘွဲ့ယူ

mgyoe.com

mgyoe.com SAMPLE BOOK

တာတို့၊ ခြောက်ဆယ်ကျော်မှ ဘွဲ့ယူတာတို့၊ မပန်း သတင်းစာထဲမှာ မဖတ်လိုက်ရဘူးလား။ အသက်နဲ့ ပညာက တခြားစီပဲဥစ္စာ”

ပန်းဇာဖြူ ရယ်လေသည်။

“ကိုးတန်းတောင် အောင်အောင် မနည်းဖြေယူရဦးမှာ”

“ဖြေဖို့ ဆုံးဖြတ်လိုက်ပြီနော်”

ခေါင်းညိတ် အဖြေပေးသည်။

“ကျွန်တော် ရန်ကုန်ရောက်ရင် ကျောင်းစာအုပ်တွေ ဝယ်ပို့လိုက်မယ်”

“ကိုအောင်သူ အောင်စေချင်တယ် မဟုတ်လား”

“ဒါပေါ့ဗျာ”

“ဇာဖြူ အောင်ရစေ့မယ်။ တစ်ခါတလေကျတော့ ရှေ့ဖြစ်နောက်ကြောင်းတွေ တွေးရင်း ဝမ်းနည်းချင်တယ် သိလား”

ပန်းဇာဖြူကို ကြည့်သည်။ နေရောင်ခြည်သည် ပန်းဇာဖြူ၏ ကိုယ်ပေါ်သို့ ကျနေ၏။

“စိန့်ဖိလိုမီနာမှာ ငါ ဆက်နေရင် ဆယ်တန်းအောင်တာလည်း ကြာလှပြီ၊ ဘွဲ့လည်းရပြီးပြီလို့။ သူငယ်ချင်းတွေထဲက တချို့နဲ့တော့ လေးငါးခြောက်နှစ်လောက်တုန်းက စာအဆက်အသွယ် ရှိခဲ့သေးတယ်။ တချို့ဆို ဆရာဝန်မကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ ဖြစ်တောင်ဖြစ်နေပြီ။ တချို့က ဆေးကျောင်းတက်နေကြတုန်း။ ဘဝကသိုလ်ကံပဲ။ ရန်ကုန်ရဲ့ ထိပ်တန်းကျောင်းမှာ နေခဲ့တဲ့သူက ဇနပုဒ်မှာ တကယ့်ဇနပုဒ်သူ၊ ရန်ကုန်ကို တစ်နှစ်တစ်ခေါက်တောင် မရောက်တော့ဘူး”

“ရောက်ရာနေရာ ဖြစ်ရာဘဝကနေ လိုချင်တာကိုရအောင် ကြိုးစားခွင့် ရှိပါတယ် မပန်း”

“ခု...ပိုယုံတယ်လေ”

မေးရန် သတိရ၍ –

“မတင်ချစ်တို့က မပန်းနဲ့ တစ်တန်းတည်းလောက် ရှိမှာပေါ့”

“ယဉ်ယဉ်စိန်ကတော့ ဇာဖြူနဲ့ ရွယ်တူ၊ မတင်ချစ်က နှစ်နှစ် နှစ်တန်းငယ်တယ်၊ ခင်မာကြည်က ဇာဖြူ့ထက် သုံးနှစ်ကြီးတယ်။ ဇာဖြူ ခြောက်တန်းရောက်တော့ ခင်မာကြည်က ဆယ်တန်းရောက်နေပြီ။ ခင်မာကြည်က အစောဆုံး ဘွဲ့ရတာ။ မတင်ချစ်နဲ့ ယဉ်ယဉ်စိန်က ဆယ်တန်းမှာ အတန်းတူသွားကြတယ်။ မနှစ်ကမှ ဘွဲ့ရကြ

mgyoe.com SAMPLE·BOOK


တာ။ ကိုအောင်သူတို့နဲ့ တစ်နှစ်တည်းပေါ့။ နှစ်ယောက်စလုံးက သတ္တဗေဒ။ ခင်မာကြည်က သင်္ချာ။ ဇာဖြူတို့ရွာက ဘွဲ့ရတဲ့သူ တော်တော်များပါတယ်။ ခုလည်း တက္ကသိုလ်မှာ ဆယ့်လေးငါးယောက်လောက်ရှိတယ်။ ခင်မာကြည့်မောင်လေးက ဆေးတက္ကသိုလ်မှာ"

"အားရစရာကြီးပဲ၊ စီးပွားရေးလည်း ကောင်းကြတာပဲ"

"တစ်ခုထူးတာက ဘွဲ့ရလာပြီးရင် အစိုးရအလုပ်ထဲ မဝင်တာက များတယ်။ ဆယ်ယောက်မှာ တစ်ယောက်လောက်ပဲ အစိုးရအလုပ် ဝင်ကြတယ်"

"ဒါက ကိစ္စမရှိပါဘူး၊ တိုင်းပြည်မှာ ပညာတတ်များလာရင် ကောင်းတာပေါ့။ ပညာမတတ်၊ စာမတတ်ရင် သူများ လိမ်ပြော ညာပြောလည်း ခံရတတ်တယ်လေ"

ပန်းဇာဖြူ ခေါင်းညိတ်သည်။ စကားစ ပြတ်သွားသောအခိုက်တွင် အုန်းခြံကြီးတစ်ခုလုံးသည် တိတ်လျက်ရှိ၏။ လေအတိုက် ညင်သာသောကြောင့် ရွက်ခတ်သံများပင် မကြားရ။ အုန်းပင်တွေကြားမှ မြင်ရသော အရှေ့ဘက် ကုန်းမြင့်သို့ သူ လှမ်းကြည့်နေသည်။ သစ်ပင်တွေကို ကြိုးကြားကြိုးကြား မြင်လေသည်။ မြေကိုလျှပ်၍ ဝေ့သောလေသည် သူ့ကျောကို လာထိသည်။ နွေးသောလေပြည်။ "အမေက ရုံးခွင့်ယူလို့ မရလို့။ ရရင် မေမေလည်း လိုက်ချင်တယ်။ လေ့လည်း လေ့လာရအောင်၊ အနားလည်း ယူတဲ့သဘော၊ မင်းကိုလည်း တစ်ယောက်တည်း လွှတ်ရတာ စိတ်မချလို့" ဟု ပြောသည်။ အမေ့ကို သတိရသည်။ "ပြာသို၊ တပို့တွဲလောက်ကျရင် သွားရအောင်ကွာ" ဟု ဖခင်က ပြောသည်။ အမေတို့၊ အဖေတို့ လိုက်လာလျှင် စိတ်ကြည်လင်မှု ကောင်းစွာရမည်ဟု အောက်မေ့၏။ ထို့ပြင် ပန်းဇာဖြူကို အမေတို့မြင်စေချင်သည်။ မိန်းကလေးတစ်ယောက်အနေနဲ့ အလုပ်တကယ်လုပ်နိုင်သူပါကလားဟု ချီးကျူးကြပေလိမ့်မည်။

"ဆာရောပေါ့၊ အိမ်ပြန်ရအောင်၊ ကော်ဖီသောက်ချိန်တောင် လွန်နေပြီထင်တယ်"

သူ လက်ပတ်နာရီကို လှမ်းကြည့်သည်။ ၁၂ နာရီထိုးပြီးခါစ။ တစ်နေ့သုံးလေးခါ ကော်ဖီဖျော်ပေးနေကျ။ သူရောက်ပြီး နောက်တစ်နေ့တွင် မြို့သွားသူကို နက်စ်ကော်ဖီပုလင်း မှာသည်။ ပန်းဇာဖြူတို့အိမ်သားတွေက ကော်ဖီသောက်ကြသည် မဟုတ်။ လက်ဖက်ရည်သမားတွေ။ သူ ကော်ဖီသောက်သည်ဟု ပန်းဇာဖြူ မနှစ်ကပင် သတိပြုခဲ့ဟန်တူ၏။ သူ့အတွက် ကော်ဖီ။ ရောက်သည့်နေ့မှစ၍ သူ့အတွက် လိုလေ

mgyoe.com

mgyoe.com SAMPLE BOOK

သေးမရှိ။ ထမင်းဟင်း အစားအသောက်မှာ အိမ်တွင် နပ်ခြား။ ညှော့သည်အဖြစ်နှင့် တစ်အိမ်တစ်နပ်။

ပန်းဇာဖြူတို့အိမ်တွင် စားရသည့်အနပ်၌ ဟင်းတွေ လေးငါးခြောက်မျိုး။ လာပို့သော ဟင်းတွေကို မစားနှင့်တော့ဟု မပြော။ သူချက်သော ဟင်းတွေ တစ်ဇွန်းပြီး တစ်ဇွန်း ထည့်ကာ သူများအိမ်က ဟင်းကို မစားဖြစ်အောင်ပြုမှုန်း သတိထားမိသည်။ အစားအသောက်ကိစ္စတွင်သာမက သူ့အင်္ကျီကို သူ အလျှော်မခံ။ သူ့အဝတ်အစားတွေကို မလျှော်ရန်ပြောသော်လည်း မရ။ အားနာသည်။ သို့သော်၊ ပန်းဇာဖြူ ခေါင်းခါသည်။ မီးပူထိုးသည်ကိုပင် လက်မခံ။ အနေခက်ပင် ခက်လာသည်။

အိမ်ရှင် ပန်းဇာဖြူ၏ ညှော့ဝတ်ကျေပွန်သမျှကို မြင်ကာ ပန်းဇာဖြူ ညှော့သည် အဖြစ်နှင့်လာလျှင် ထိုမျှမကျေပွန်လျှင် ပြောစရာဖြစ်မည် စိုးလာသည်။ ဆေးလိပ်ဆိုလျှင် တစ်ဘူး၌ ဆယ်လိပ် ကိုးလိပ် သောက်ရသေးသည်။ နောက်တစ်ဘူး အသင့် သွားဝယ်ပေးထားသည်။ မျက်နှာသုတ်ပဝါကို သုံးရက်တစ်ကြိမ် အသစ်လဲပေးသည်။ ခေါင်းအုံးစွပ်ကို နှစ်ရက်တစ်ကြိမ် အသစ်လဲပေးသည်။ အိပ်ရာခင်းကို အသစ်လဲပေးသည်မှာ သုံးလေးခါရှိပေပြီ။ အိပ်ရာ၊ ခေါင်းအုံး၊ ခြင်ထောင်တို့တွင် ရေနယ်ရေမွှေးနံ့ သင်းလျက်ရှိလေသည်။ ခြေလှုပ် လက်လှုပ် လှုပ်သည်၊ ကြည့်သည်နှင့် "ကိုအောင်သူ ဘာလိုလို့လဲ၊ ဘာလိုချင်လို့လဲ ဟင်" ဟု မေးစမြဲ။

"ဖိန်းနွဲခါဆိုရင် ဇာဖြူနေရတာ တစ်မျိုးဖြစ်နေမှာပဲ"

အုန်းပင်တုံးပေါ်မှ သူဆင်းချိန်တွင် ပြောသည်။ ဖိန်းနွဲခါသည် သူ ပြန်ပြီး နောက်တစ်နေ့။ တွယ်တာသောစကား၏ အရိပ်။

"အထူးသဖြင့် ညဘက် ကွပ်ပျစ်ပေါ်မှာ ထိုင်ထိုင်ပြီး စကားပြောတဲ့အချိန်ရယ်၊ မနက် အိပ်ရာထ ကော်ဖီဖျော်ပေးတဲ့ အချိန်ရယ်၊ ညဘက် ကော်ဖီဖျော်ပေးတဲ့ အချိန်ရယ်"

ရင်ထဲတွင် ကြည်နူးဝမ်းနည်းရသည်။ မျက်နှာညှိုးသွားသည်ကို ပန်းဇာဖြူ အကဲခတ်၍ ရနိုင်ကောင်း၏။

"ကျွန်တော်လည်း သတိရနေမှာပါ မပန်းရာ။ အဲ...ခုမှပြောရမယ်။ ကျွန်တော်တို့ ပထမဆုံး စပြီး တွေ့ကြတော့၊ မပန်းနဲ့ မိတ်ဆက်ပေးတဲ့ အခါတုန်းက မပန်းဇာဖြူလို့ အခေါ်ရတစ်မျိုးဖြစ်နေတော့ မပန်းလို့ခေါ်ရင်း နှုတ်ကျိုးသွားတာ။ အများက မဇာဖြူ၊ ဇာဖြူလို့ ခေါ်၊ ကျွန်တော်က မပန်း။ ကျွန်တော် တစ်ယောက်တည်း ခေါ်သလို

mgyoe.com

mgyoe.com
SAMPLE BOOK

ဖြစ်နေတယ်"

တစ်လှမ်း နှစ်လှမ်း အလျှောက်တွင် –

"အဲဒါ ဘာဖြစ်လို့လဲ ကိုအောင်သူ"

"အများခေါ်သလိုပဲ မဇာဖြူလို့ ခေါ်ရမလားလို့ မေးမလို့ပါ"

ခေါင်းခါသည်။

"အများနဲ့ မတူဘဲ ကိုအောင်သူ မူပိုင်ခေါ်တဲ့ အခေါ်ပဲ။ ဘာဖြစ်လဲ မပန်းလို့ပဲ ခေါ်ပေါ့"

သူ ပြုံးသည်။ ခေါင်းညိတ်ပြီး...

"ကောင်းပြီလေ။ တော်ကြာ ကျွန်တော်ခေါ်တဲ့နာမည်ကို နားကန့်လန့် ဖြစ်နေမှာ စိုးလို့"

"ဟင့်အင်း...မဖြစ်ပါဘူး၊ ကောင်းတာပဲ၊ မပန်း။ သိပ်လှတဲ့ နာမည်ပဲ"

သူ တစ်ချက်ရယ်သည်။ ပန်းဇာဖြူက လည်တိုင်ငွဲ့ကာ ကြည့်၏။

"နာမည်တင် မဟုတ်ပါဘူး"

"မြှောက်မှန်းသိပေမဲ့ ဇာဖြူ ကျေနပ်ပါတယ်"

"တကယ်ပြောတာပါ"

"ဟုတ်ပါတယ်၊ တကယ်မှန်းသိလို့ ကျေးဇူးတင်နေတာပဲဟာ"

ပြိုင်တူရယ်ရင်း ဆက်၍ လျှောက်လာသည်။ ဆယ့်လေးငါးပင်မျှ လွန်လာတော့မှ...

"ကိုအောင်သူ..."

"ဗျာ..."

"လူ့ဘဝက တော်တော်ဆန်းတယ်နော်"

"အံ့သြစရာ ဘာမှမရှိတာတော့ အမှန်ပဲ မပန်း"

ပန်းဇာဖြူသည် လက်နှစ်ဖက်ကိုလွှဲ၍ လျှောက်နေရာမှ လက်ပိုက်လိုက်၏။

"ဇာဖြူ့ဘဝကိုပဲ ဇာဖြူ မှတ်ပြီး စဉ်းစားတာပါ။ ငယ်ငယ်လေးတုန်းက ငွေကြေးတွေ အများကြီး ပိုင်ခဲ့တဲ့သူ။ အရွယ် မရောက်ခင်မှာ ပစ္စည်းဥစ္စာတွေတင် မကဘူး၊ မိဘနှစ်ပါးစလုံးပါ ဆုံးရှုံးခြင်း ခံလိုက်ရတယ်။ အိမ်ထောင်ရေးဆိုတာ ဟုတ်တော့မလိုလိုနဲ့၊ စိတ်ညစ်စရာတွေ မကြုံလိုက်ရတာပဲ ကံသိပ်ကောင်းလွန်းလို့"

သာညီနှင့် ကံကောင်းထောက်မစွာ လမ်းခွဲခဲ့ရသည်ဟု ဆိုသည်။ ထိုစကားကို
mgyoe.com

mgyoe.com
SAMPLE BOOK


ပထမဆုံး ပြောပြစဉ်ကလည်း တစ်ကြိမ် ပြောခဲ့သည်။

"ဇာဖြူလေ...ဘဝဆိုတာ ဘာလဲလို့ ခဏခဏ ကိုယ့်ကိုယ်ကိုယ် မေးကြည့်ဖူးတယ်။ အဖြေမရခဲ့ပါဘူး"

"ကြုံတွေ့နေတဲ့ အခြေအနေရယ်၊ အလိုဆန္ဒရယ် အံဝင်ခွင်ကျ မရှိသရွေ့ အဲဒီအဖြေက စိတ်ပျက်စရာ အဖြေပဲရမှာ။ ကျွန်တော် ကြားဖူးတယ်။ ဘဝအဓိပ္ပာယ်ကို စဉ်းစားစရာရော၊ ဘဝဆိုတာ ဘာလဲလို့ မေးတဲ့အမေးရော ခဏထားလိုက်ပါတဲ့။ ဘဝကို အရင်ဆုံး ရင်ဆိုင်ပြီးမှ စဉ်းစားပါ။ ဖြေပါတဲ့။ ဒီအခါ အနီးဆုံး အဖြေမှန်ကို ရနိုင်မယ်တဲ့"

ပန်းဇာဖြူ မျက်ခုံးတွန့်ကာ နေသည်။ နှုတ်ခမ်းကို စေ့ထားသည်။ အသက်ပြင်းပြင်း ရှူနေသည်။

"နောင် အေးအေးဆေးဆေး တွေ့တဲ့အခါ ဇာဖြူ မေးချင်တာတွေ မေးဦးမယ်"

"ခု မေးပါလား၊ ကျွန်တော် ဉာဏ်မီသရွေ့ စဉ်းစားပြီး ဖြေမယ်လေ"

ခေါင်းခါသည်။

"ဧည့်သည်တစ်ယောက်ရဲ့ ကြည်လင်နေတဲ့ ဦးနှောက်ကို ထွေမသွားစေချင်လို့ပါ"

"ကိစ္စမရှိပါဘူး"

သို့သော် ခေါင်းတစ်ကြိမ် ထပ်၍ခါပြသည်။

"ဘာနဲ့ပတ်သက်ပြီးလဲ မပန်း"

"ဘဝနဲ့ ပတ်သက်တာတွေပါပဲ။ နောက်မှ...နောက်တစ်ခါမှ"

အုန်းခြံနယ်နိမိတ်ကို ရောက်တော့မည်။

"ဇာဖြူတို့ဆီ လာလည်ရတာ ပျင်းစရာ မကောင်းဘူးလားဟင်၊ အမှန်အတိုင်းဖြေနော်"

"ကျွန်တော် ရင်ထဲကအတိုင်း ဖြေမယ်။ ကျွန်တော် သိပ်ပျော်တယ်၊ စိတ်သိပ်ချမ်းသာတယ်"

တစ်လှမ်းစာ နှေးနေသောခြေကို သူနှင့်အတူ ယှဉ်အောင်တိုးသည်။ ထိုစဉ်၊ သူ ဆက်၍ပြောသည်။

"ပြန်ရမယ့် ခြေထောက်တွေ တကယ်တုံ့ပါတယ်။ မေမေတို့ စိတ်သိပ်ပူမှာလည်း စိုးရလို့"

mgyoe.com

mgyoe.com SAMPLE BOOK


"ဟုတ်ပါတယ်၊ မိဘတွေဆိုတာ သားသမီးအတွက် စိုးရိမ်ပူပန်ကြတာပါပဲ။ ကိုအောင်သူ့ အဖေတို့၊ အမေတို့ကို ဇာဖြူ သိပ်တွေ့ဖူးချင်တယ်။ ဇာဖြူ ရောက်လာမှာပါ။ လာမယ်ဆိုတဲ့ ကတိအတိုင်း အရောက်လာခဲ့မှာပါ"

ပန်းဇာဖြူသည် ရွှင်လန်းစွာ ပြုံး၏။ ဖျတ်လတ်သွက်လက်သော ခြေလှမ်းများဖြင့် လှမ်းသည်။ သူ့ရှေ့ သုံးလေးလှမ်းအကွာသို့ ရောက်နေနှင့်သည်။ သူ ကြည့်သည်။ အစိမ်းရင့်နှင့် ရှားရင့်ရောင် အပွင့်ကြီးများ ဖော်ထားသော ဘလောက်စ်အကျီ။ ခရမ်းရောင်ထဘီ။ ဖဝါးအကျ လှပစွာ လျှောက်လှမ်းနေသည်။ လက်လွှဲတိုင်း လှုပ်သော ပခုံးသား ဝင်းဝင်းပြည့်ပြည့်။ အလှအပ တစ်ခု၏ အလှအပပါတကားဟု ထင်မြင်စေနိုင်သော အလှအပတို့၏ ဖြည့်တင်းသောသဏ္ဍာန်၊ ကျစ်လျစ်လှုပ်ရှားသော သဏ္ဍာန်တွေကိုမြင်သည်။ ကြည့်မိသည်။ တစ်ခဏ။

အုန်းခြံသည် နောက်ကျောဘက်တွင် ကျန်ရစ်ခဲ့လေသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

(၆)

တစ်အိမ်တက်ဆင်း၊ တစ်အိမ် တစ်ခဏ။ မုန့်ပဲသရေစာ အချို၊ အချဉ်ကိုပင် အပြည်းအပြု မတတ်နိုင်တော့။ တစ်ခွန်းစ နှစ်ခွန်းစ စကားပြော။ မနက်ဖြန် ပြန်မည်။ လာရောက်နှုတ်ဆက်သည့် အကြောင်း သူပြောသည်။ အိမ်ပေါ်တက်ဦး၊ အဖန်ရည်သောက်ဦးဟု ဆိုသော် ငြင်း၍မဖြစ်။ "အ,သုံးလုံးလာကြသူတွေထဲက မောင်ဘယ်သူ့ကို ပြောလိုက်ပါ၊ မ, ဘယ်သူကို ပြောလိုက်ပါ၊ သတိရတယ်လို့၊ စာလည်း ထည့်ပါဦး ပြောပေးပါ၊ အလည်လာဦးလို့လည်း ပြောတဲ့အကြောင်း ပြောလိုက်ပါဦး" စသည်ဖြင့် မှာကြသည်။

ဒေါ်မှုံတို့အိမ်သို့ရောက်သော် "ဟဲ့...ဟိုကျွဲတက်စီးတဲ့ ဆရာမလေးက ဘယ်သူ" ဟု မေး၏။ တင်တင်အောင့်ကို မေးခြင်းဖြစ်သည်။ အမည်ဖော်ပေးရာ "အဲဒီ ဆရာမလေးလည်း ပြောလိုက်ပါဦး၊ စာထည့်ဦးလို့၊ စာပြန်ရေးတတ်ပါပြီလို့" ဟု ဒေါ်မှုံ ပြောသည်။

ဦးသာဒိုးတို့အိမ်တွင် စကားကောင်း၍ အတော်ကြာသွားသည်။ ဦးသာဒိုးသည် လယ်သမား။ အ,သုံးလုံး ကျောင်းသားကြီး။ "ဆရာလေး ကိုဆန်နီတို့ကို ပြောပြပါကွယ်။ နတ်တော်၊ ပြာသိုဆိုရင် အလည်လာစမ်းပါလို့၊ နံ့သာကျွန်းအထိ လိုက်ပို့ပေးမယ်လို့" ဟု မှာ၏။

အမေအိက မူမူဟာန်နှင့် မနီလာတို့ကို မေးသည်။ အလုပ်မဝင်ကြရသေးကြောင်း၊ နေထိုင်ကောင်းကြောင်း သူပြောသည်။ ဒေါ်ဆွဲမိတို့အိမ်သို့ ရောက်သောအခါ ခြံချင်းကပ်နေသူ ကိုမှူးကပါ ရောက်လာသည်။ ကိုမှူးက ကိုသာဒိုးထံမှာ လယ်ယာ

mgyoe.com

mgyoe.com
SAMPLE BOOK


အလုပ်သမား လုပ်နေသူ။ "ကျုပ်တော့ ကြိုးစားပြီး ဖတ်တာ မဂ္ဂဇင်းတွေကို ကောင်းကောင်းဖတ်နိုင်နေပြီ။ ဝတ္ထုက ခက်တယ်။ အထဲမှာ အင်္ဂလိပ်စာတွေ၊ ခေတ်စကားတွေ ပါနေတော့ ကောင်းကောင်း နားမလည်ဘူး" ဟု ပြောသည်။ သူပြန်မည့်အကြောင်း ပြောသည်။ "ကောက်ညှင်းဆန် တစ်ခွဲလောက်တော့ ပေးလိုက်ပါရစေ" ဟု ပြောသည်။ ကိုမူးသည် သူနှင့်တွဲဖက် သိန်းထွန်းသန်းတို့ကို ပို၍ မှတ်မိကာ သတိတရ စကားပါးသည်။

နေ့တစ်ဝက်ကျိုးသည်အထိ မြောက်ဘက်ပိုင်းသို့ မရောက်သေး။ ကျောက်တောင်စုတွင်နေသော ဦးနရမြားတို့ အိန္ဒိယအမျိုးသား အိမ်ခြေစုသို့ သွားရောက်နှုတ်ဆက်ရဦးမည်။ ကျွဲနို့ကို လူကြုံဖြင့်ပို့သော ဦးနရမြား၊ ကရစ်သျှနားတို့ လူသိုက်နေထိုင်ရာ အိမ်ခြေ ၂၀ သည် ရွာ၏ အရှေ့မြောက်။ ရိုးမတောင်စွယ်ပေါ်တွင်။

ထိုအိမ်ထောင်စု၏ အနောက်တွင် သုသာန်ဟောင်း။ ရှေးအခါက သည်နေရာတွင် အခြေချ နေထိုင်သူတို့သည် ရိုးမတောင်ပေါ်တွင် ဦးစွာနေခဲ့ကြသည်ဟု ရွာတွင် အသက်အကြီးဆုံး ဦးအောင်လှကျော်က ပြောပြဖူးသည်။ ဦးအောင်လှကျော်သည် ၈၀ ကျော် ၉၀ တွင်း။ ယခုအထိ လယ်ထွန်နိုင်သေးသည်။ ရှေးမီ နောက်မီ ဖြစ်၍ လွန်ခဲ့သော အနှစ် ၁၀၀၊ ၁၅၀ က အကြောင်းတွေကို စိတ်ရှည် လက်ရှည် ပြောပြသည်။

"ရွာသင်္ချိုင်းဟောင်းက ဘာလို့ တောင်စောင်းမှာ ရောက်နေတာလဲ၊ လူတွေက မြေပြန့်ကမ်းခြေ အနိမ့်ပိုင်း၊ သင်္ချိုင်းက မြင့်နေလို့" ဟု သူတို့မေးသည်။ "အဘတို့ဆီမှာတော့ သင်္ချိုင်း နိမ့်တယ်၊ မြင့်တယ် အယူမသီးကြဘူးကွဲ့" ဟု အစချီပြီး ပြောသည်။ "အဲဒီသင်္ချိုင်းမှာ နောက်ဆုံးမြှုပ်တဲ့သူက ရွာတောင်ဘက်က မောင်စံအေးရဲ့ညီ။ ဒီနောက်တော့ တောင်ခြေချောင်းတစ်ဖက်ကမ်း နေရာကို သုသာန်နေရာအဖြစ် အဘပဲ ရွေးပေးလိုက်တာ" ဟု ပြောသည်။

မနှစ်က ရောက်ခဲ့စဉ်ကပင် ရွာနီးချုပ်စပ် လျှောက်လည်၍ နှံ့ခဲ့သည်။ သုသာန်ဟောင်းသည် ပေ ၂၀၀ ကျော် ၃၀၀ မြင့်သော နေရာတွင်ရှိ၏။ ထိုနေရာမှကြည့်လျှင် ရွာကိုလည်းကောင်း၊ အုန်းခြံများကိုလည်းကောင်း၊ ရိုးမကြောတစ်လျှောက်ကိုလည်းကောင်း၊ တောင်မြောက်တန်းနေသော သဲသောင်ပြင်ကိုလည်းကောင်း ထင်းစွာမြင်ရသည်။

ပင်လယ်၏ အကျယ်အပြောကို ဆီး၍ ကြည့်ရသကဲ့သို့ရှိ၏။ ထိုနေရာမှ အရှေ့မြောက်သို့ ကွေ့ကောက်တက်သွားသော လမ်းအတိုင်းသွားလျှင် အနှစ် သုံးလေး

mgyoe.com

mgyoe.com SAMPLE BOOK

ဆယ်လောက်က ရွာဟောင်းနေရာနှင့် သစ်တောစပ်သို့ ရောက်လေသည်။

ပြန်လာချိန်တွင် နေလုံးသည် အုန်းပင်များ၏ ခါးသို့ကျနေပေပြီ။

*

မှေးခနဲ အိပ်ပျော်သွားသည်ထင်၏။ နားထဲတွင် စကားပြောသံသဲ့သဲ့ ကြားသည်။ မျက်လုံးမဖွင့်မိ တစ်ခုသတိပြုမိသည်။ ခေါင်းရင်းခန်း ခါးပန်းတွင် ခေါင်းတင်ပြီး မဂ္ဂဇင်းအဟောင်းတစ်စောင်ဖတ်ရင်း အိပ်ပျော်သွားသည်ဟု သိသည်။ ယခု ခေါင်းအုံးပေါ်တွင် ခေါင်းရောက်နေ၏။ ကိုယ်ပေါ်တွင် မုဒုံစောင်ပါး ခြုံလျက်သား ရှိ၏။ ညက အတွေးတွေကြောင့် အအိပ်ညဥ့်နက်သွားခဲ့သည်။

တစ်မနက်လုံး၊ တစ်နေ့လုံး အိမ်တကာလျှောက်ကာ သွားရ၊ နှုတ်ဆက်ရနှင့်။ ဟိုနားရပ်ရပ်၊ သည်နားမတ်တတ်၊ ထိုင်လိုက် သွားလိုက်နှင့် ငြီးစီစီဖြစ်လာသည်။ အိမ်ရောက်တော့ နားရင်း စာဖတ်သည်။ ဘုရားစင်ဘက်သို့ မျက်နှာမူထားသော ကိုယ်ကို လှည့်လိုက်သည်။ အိမ်အပေါ်တွင် မည်သူမျှမရှိ။ ခြေရင်းဘက်မှ စကားပြောသံ၊ အဝတ်လျှော်သံ၊ ရယ်သံ တိုးတိုးတွေ ကြားရ၏။

သူ အိပ်ပျော်သွားခိုက်တွင် ပန်းဇာဖြူ ခေါင်းအုံးခုပေး၊ စောင်ခြုံပေးခဲ့ခြင်းပင် ဖြစ်မည်ဟု နားလည်သည်။ လှဲနေရာမှ ထိုင်သည်။ အိမ်ရှေ့တွင် နေရောင်ခြည် ရှိသေးသည်။ တစ်နာရီကျော်ကျော်လောက် အိပ်ပျော်သွားကြောင်း သိလိုက်သည်။ စောင်ကိုခေါက်ကာ ခေါင်းအုံးပေါ်တွင် တင်သည်။ ရေချိုးလျှင် အငြီးပြေမည် ထင်သည်။ ထိုင်ရာမှထရင်း စွပ်ကျယ်အင်္ကျီချွတ်သည်။ အိပ်ခန်းဘက်သို့ လျှောက်သွားသည်။

အိပ်ခန်းဝသို့ ရောက်သောအခါ မီးဖိုဆောင်ထဲ ထမင်းချက်နေသော ဒေါ်ငွေကို မြင်သည်။ ရေလဲပိုင်းယူပြီး မီးဖိုထဲသို့ ဆင်းသည်။ ဒေါ်ငွေက "မောင်အောင်သူ နိုးလာပြီကိုး" ဟု ပြုံး၍ပြောသည်။ ဒေါ်ငွေနှင့် မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံကို ဆွဲယူပြီးထိုင်သည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ ဒေါ်ကြီး"

"မရှိပါဘူး၊ ထမင်းအိုးတစ်လုံးတည်ပြီးရင် ပြီးပါပြီ။ ဒေါ်ကြီး ကော်ဖီဖျော်လိုက်မယ်" .

သူ လက်ကာသည်။

"မဖျော်နဲ့တော့ ဒေါ်ကြီး၊ တစ်မနက် တစ်နေ့ခင်းလုံး တစ်အိမ်နည်းနည်းစား

mgyoe.com

mgyoe.com SAMPLE BOOK

ထားရတာ ခုထိ ဗိုက်တောင့်နေတုန်း"

ဒေါ်ငွေ ပြုံးသည်။ ကွမ်းမပြတ်ဝါးသဖြင့် မည်းချိပ်ချိပ် ခယိုခယိုင် သွားတွေ ပေါ်နေ၏။ ဒေါ်ငွေသည် ခင်ပွန်းထက် လေးငါးနှစ် ငယ်သော်လည်း ပို၍ အိုစနာနိုင်နေသည်။ အုန်းခြံအလုပ်၊ ငါးဖမ်းအလုပ်များကို ပင်ပန်းစွာ မလုပ်ကိုင်ရသော်လည်း အိမ်အလုပ် တောက်တိုမည်ရတွေ လက်နှင့်မပြတ်။ ယောင်ယောင်မှုကိုင်းသော ခါးကို လက်မဖြင့် နှိပ်နေသော လက်အကျင့်ကို တွေ့ရသည်။ ဒေါ်ငွေသည် သွားလာလှုပ်ရှားမှုတွင် နှေးခြင်းထိုင်းခြင်း မရှိ။ ဝဖိုင့်သော ထောင်ထောင်မောင်းမောင်း ခန္ဓာကိုယ်သည် လူငယ်တွေကဲ့သို့ သွက်လက်လျက်ရှိ၏။ တစ်ခေါင်းလုံးတွင် ဆံဖြူချည်းဖြစ်နေသည်။ ညိုသော အသားအရေတို့သည် အပျဉ်းအတွန့် မရှိလှ။ ကျန်းမာသန်စွမ်းသော အဘွားအိုဟု စိန်တင် မှတ်ချက်ပေးဖူးသည်။

"မနက်ဖြန်ပြန်မယ်၊ ဟုတ်လား"

"ဟုတ်ကဲ့...ဒေါ်ကြီး"

"မင်းပြန်သွားရင် ဒေါ်ကြီးတို့ အောက်မေ့နေမှာပဲကွဲ့"

သူ စိတ်မကောင်းစွာ ပြုံးသည်။ လျှာဖျားမှလာသော စကားမဟုတ်ဟု သိသည်။ သည်အရပ်ဒေသ၏ လူမှုဆက်ဆံရေးသည် မြို့ကြီးပြကြီး လူမှုဆက်ဆံရေးနှင့် များစွာ ကွာခြားနေပေသည်။ ချစ်လျှင်ချစ်၏၊ မုန်းလျှင် မုန်း၏၊ အပြောရှင်းသည်။ ဆက်ဆံရေးရှင်းသည်။

စကားတို့သည် ဝမ်းတွင်းမှသာလာသော အရာ၊ နှုတ်ခမ်းတွင် စကားမရှိ။ စကားပြောသော လေယူလေသိမ်းမှာ လေးပင်လှသည်။ အေး၊ အင်းသံကို ရင်ခေါင်းသံဖြင့် အေးသည်။ အင်းသည်။ အသံတွင်သာ လေးလေးပင်ပင်မဟုတ်။ ခင်မင်မှုသည်လည်း ထိုနည်းတူ။ မနှစ်ကမူ၊ စကားအပြောဆိုတွေ နားဝယ်ဆန်းသည်။

စကားလုံးတိုင်းသည် နားတွင် မြည်ဟည်းသွားသည်။ ဒေသအသုံးအနှုန်းတွေကြောင့် တစ်ခါတလေ နားမလည်။ တစ်ပတ်၊ နှစ်ပတ်ကြာသော် ကြားနေကျ ဖြစ်သွားသည်။ နေရာသည် အေးချမ်းရုံမျှမက လူတွေကလည်း ရိုးသားသူများ၊ အေးဆေးသူများ။ ကျေးချင်မွေးချင်သော စိတ်ကောင်း နှလုံးကောင်း ရှိကြသည်။

သည်အရပ်တွင် အလိမ်အကောက်သမားမရှိ။ အံ့ဖွယ်အကောင်းဆုံးမှာ အလှူ အတန်း၊ သာရေးနာရေးတွင် မီးခိုးတိတ်လာ၍ အလုပ်လုပ်သည်။ စားကြသောက်ကြသည်။ အရက်၊ ခနိရည် သောက်သူများသော်လည်း ရေနွေးကြမ်းသဘောမျိုးထားကာ

mgyoe.com

mgyoe.com SAMPLE BOOK


သောက်ကြသည်။ အမူးအရမ်း၊ ပြောမှားဆိုမှားမရှိဟုပင် ဆိုလောက်သည်။ အိမ်ဆောက်လျှင် လက်သမားငှားရသည်မရှိ။ တစ်ယောက်တစ်လက်နှင့် ပြီးသွားသည်။ ပို၍ အံ့သြစရာမှာ ပစ္စည်းအပျောက်အရှ မရှိခြင်းပင်။ ကျွဲ၊ နွား၊ ပစ္စည်းပစ္စယ ပျောက်သူဟူ၍ မရှိ။

ရွာတွင် အမှုအခင်းဟူ၍ လွန်ခဲ့သည့် ၁၀ နှစ်လောက်က တစ်ကြိမ်ဖြစ်ဖူးသည်ဟု သိရသည်။ ရန်စဖြင့်ငြိုးကာ သတ်သော လူသတ်မှု၊ သတ်သူက မြို့သို့ တက်ကာ ရဲစခန်းတွင် သွားရောက်ဖြောင့်ဆို အဖမ်းခံသည်။

လွန်ခဲ့သော လေးငါးနှစ်လောက်ကမှစ၍ ရွာတွင် အသုဘရှိလျှင် ဖဲဝိုင်း အစပျိုးလာသည်ဟု သိရသည်။ သို့သော် လူကြီးသူမကို ချစ်ကြောက်ရိုသေသော ဓလေ့ကား မပြတ်။ ဖဲဝိုင်း၊ ကစားဝိုင်း၊ ကြက်ဝိုင်း အနီးဝန်းကျင်သို့ အဘ ဦးအောင်လှကျော် ရောက်လာပြီကြားလျှင် ချက်ချင်း ရုပ်သိမ်းကာ ရှောင်တိမ်းသွားတတ်ကြသည်။

အဘသည် ရှေးသူကြီးဟောင်း။ အဘ၏သြဇာသည် ရွာနီးချုပ်စပ်များသို့ပင် ရှိနေသည်ဟု ပြောပြကြသည်။ ရွာစရိုက်သည် ရတနာကဲ့သို့ အဖိုးတန်သည်ဟု ခံစားရလေ၏။

"ဘယ်တော့လောက် တစ်ခေါက်လာဦးမလဲ"

"မပြောတတ်သေးဘူး ဒေါ်ကြီး။ ကျွန်တော် ဒီမှာ အုန်းခြံလုပ်ဖြစ်ရင်တော့ ဒီမှာ အနေများမှာပါပဲ။ အမေတို့နဲ့ တိုင်ပင်ရဦးမယ်လေ။ နောက်တစ်ခေါက်ဆိုရင် အမေတို့တောင် ဒီကို ပါချင်ပါလာမှာ"

ဒေါ်ငွေသည် ကိုယ်တိုင်လိပ်သော ဆေးလိပ်တိုကို လက်ကြားညှပ်သည်။ မီးဖိုဘေးရှိ နှီးစဖြင့် မီးတို့ပြီး ဆေးလိပ်ညှိသည်။ ထို့နောက် တစ်ဖွာ နှစ်ဖွာ ဖွာကာ–

"အလည်ခေါ်လာပါလား။ ဒေါ်ကြီးတို့ လာလည်ဖို့ကတော့ လူခွဲမှမရှိတာ။ ရန်ကုန်မရောက်တာ အတော်ကြာပြီ။ နောက်ဆုံးရောက်ခဲ့တာ ဗိုလ်ချုပ်နေဝင်း အစိုးရလက်ထက်တုန်းက"

အိမ်စောင့်အစိုးရကာလကို ဆိုဟန်တူ၏။

"ဒေါ်ကြီးနှယ်၊ ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်တောင် ရှိပြီပဲ"

"ဟုတ်တယ်၊ ကိုစံအေးကိုပြောတော့ ပြောထားတယ်။ ရွှေတိဂုံဘုရားဖူးချင်တယ်။ အဲဒီတုန်းက ဘုရားအနှံ့ ဖူးခဲ့ရတယ်။ ပဲခူး ရွှေမော်ဓောလည်း ဖူးခဲ့တယ်"

ဗဂိုးဟု အသံမထွက်။ ပဲခူးဟု အသံထွက်ပုံကို သတိပြုမိသည်။

mgyoe.com